ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ တော်သလင်းလကွယ်၊ စနေနေ့။ Saturday, 14 October 2023 ၁၁၂၄၈

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုန်းပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်း အနားကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော် MICC-2 ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ် သည်။

**နေပြည်တော်သို့ရောက်ရှိ**

အဆိုပါအခမ်းအနားသို့ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ကြား ထားခဲ့ရာ NCA လက်မှတ်ရေးထိုးထား သော ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်၊ လားဟူဒီမို ကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ NCA တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ကြသည့် EAOs ခေါင်းဆောင်များဖြစ်သည့် ဦးခွန်ဥက္ကာ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ရန်ရောက်ရှိလာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား နေပြည်တော်လေဆိပ်၌ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

**ယနေ့ ဖတ်စရာ**

(၁၀၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၆)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပ
စာမျက်နှာ » ၅

ငြိမ်းချမ်းရေးတံခါးခေါက်သံ(သို့မဟုတ်) NCA (၈)နှစ်ပြည့်မှသည်....
ဆောင်းပါး စာမျက်နှာ » ၆

သဘာဝကုန်ကြမ်းပစ္စည်းများဖြင့် အဓိကအသုံးပြုထုတ်လုပ်ထားသည့် မြတ်ကေရီ ဆံသားထိန်းသိမ်းမှု အသေးစားထုတ်ကုန် လုပ်ငန်း
ဆောင်းပါး စာမျက်နှာ » ၁၁



**ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

# အထူးစီးပွားရေးဇုန်များအောင်မြင်နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်

ကမ္ဘာပေါ်တွင် ၂၀၂၂ ခုနှစ်စာရင်းများအရ နိုင်ငံ ၁၄၅ နိုင်ငံ၌ အထူးစီးပွားရေးဇုန် ၇၀၀၀ ခန့်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း သန်း ၁၀၀ ကျော်ခန့် ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ အထူးစီးပွားရေးဇုန်များသည် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် အထောက်အကူပေးနိုင်သကဲ့သို့ စက်မှုဆိုင်ရာ မူဝါဒများအတွက် ဖြစ်ပေါ်တိုးတက်မှုအသစ်များ ရရှိနိုင်သည့်အပြင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုဆွဲဆောင်နိုင်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၌ အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့်ဥပဒေဖြစ်စေရန် ၂၀၁၄ ခုနှစ်တွင် အသစ်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ နည်းဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ လက်ရှိတွင် နိုင်ငံတော်၌ အထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်ကို ၂၀၁၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကျောက်ဖြူနှင့်ထားဝယ် အထူးစီးပွားရေးဇုန်နှစ်ခုကို နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာရှိ အထူးစီးပွားရေးဇုန်များကို ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ခြင်း၊ စီးပွားရေးကို ပိုမိုကျယ်ပြန့်လာစေရန် ချိတ်ဆက်ပေးနိုင်ခြင်း၊ ကမ္ဘာ့တန်ဖိုးကွင်းဆက် (Global Value Chain) ကို အထောက်အကူပြုစေခြင်း၊ စက်မှုထုတ်ကုန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ထုတ်ကုန်အမျိုးအစားများစွာထုတ်လုပ်လာနိုင်ခြင်းများကြောင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အတွက် အထူးစီးပွားရေးဇုန်စီမံကိန်းများကို အောင်မြင်အောင် အလေးထားဆောင်ရွက်လျက်ရှိသည်။

ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် ဒေသတွင်းနိုင်ငံများအကြား အခြေအနေကောင်းများစွာဖြင့် ရပ်တည်လျက်ရှိသည့်ဇုန်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီးတွင်တည်ရှိပြီး ပို့ကုန်လုပ်ငန်းများနှင့် ပြည်တွင်းသွင်းကုန်အစားထိုးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ ၂၁ နိုင်ငံမှ လက်ရှိလုပ်ငန်းလည်ပတ်နေသည့် ကုမ္ပဏီ ၁၁၄ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၁၉၀ ကျော်ဖြင့် လည်ပတ်လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၏ တစ်မျိုးသားလုံးအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၃ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံး ပို့ကုန်ပမာဏ၏ တစ်ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပို့ကုန်ပမာဏ သုံးရာခိုင်နှုန်းရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လ လေးလတာကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၉၄၅ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၆၅၃ သန်းရှိသည့်အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏအပေါ်မူတည်၍ အခွန်အရပ်ရပ်ကောက်ခံရငွေ မြန်မာငွေကျပ် ၂၂ ဘီလီယံရှိသည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ အချို့ကုမ္ပဏီများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အကြောင်းအမျိုးမျိုးကြောင့် စတင်နိုင်ခြင်းမရှိသဖြင့် စီမံခန့်ခွဲမှုကော်မတီ၏ စည်းရုံးကြိုးပမ်းမှုကြောင့် လုပ်ငန်းများစတင်နေပြီဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အထူးစီးပွားရေးဇုန်များတွင် အခြေခံအားဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေနိုင်သည့် လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားထုတ်ကုန်လုပ်ငန်းများကို ပိုမိုခေတ်မီပြီး တီထွင်ဆန်းသစ်သည့် စက်မှုလုပ်ငန်းများအဖြစ်သို့ တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နေသဖြင့် MSME လုပ်ငန်းများကို အထောက်အကူပြုသည့် အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်အောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် သုံးရပ်တွင် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရေးအချက်ကိုချမှတ်ထားသည်။ ထိုရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးစီးပွားရေးဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ကောင်းမွန်သည့်ဝန်ဆောင်မှုများ ပေးရန်လိုအပ်သည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာစေရန်အတွက် အထူးစီးပွားရေးဇုန်များသည် အထူးအရေးပါသဖြင့် တိုးတက်အောင်မြင်မှုများရရှိလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## အယ်နီညိုရာသီဥတုဖြစ်စဉ်အပေါ် စိုက်ပျိုးရေးကဏ္ဍ ကြိုတင်ဆောင်ရွက်နိုင်ရေး တောင်သူအသိပညာပေး

အုတ်ဖို အောက်တိုဘာ ၁၃

အယ်နီညိုရာသီဥတုဖြစ်စဉ်အပေါ် စိုက်ပျိုးရေးကဏ္ဍ ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် တောင်သူအသိပညာပေးဆွေးနွေးပွဲကို သာယာဝတီခရိုင် အုတ်ဖိုမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး



မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းက အယ်နီညိုရာသီဥတုနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးရာ ပုံမှန်မဟုတ်သည့် မိုးလေဝသဖြစ်စဉ်ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု၊ အထွက်နှုန်းအရည်အသွေးကျဆင်းမှု မဖြစ်စေရေး ကြိုတင်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် သက်လျှင်အထွက်ကောင်းမျိုးများ အသုံးပြုခြင်း၊ ရေငတ်ဒဏ်၊ အပူဒဏ်ခံနိုင်သည့်မျိုးများစုဆောင်းအသုံးပြုခြင်း၊ စက်ကိရိယာကြိုတင်ပြင်ဆင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ရိတ်သိမ်းခြွေလှေ့ခြင်း၊ ရေကိုအလေအလွင့်နည်းအောင် အသုံးပြုခြင်း၊ နွေစပါးသက်တမ်းတိုမျိုးများစိုက်ပျိုးခြင်း၊ ရေမြောင်းစနစ်ဖြင့် စနစ်တကျအသုံးပြုခြင်း၊ စိုတစ်လှည့်ခြောက်တစ်လှည့် စနစ်များဖြင့် စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ခြင်းနှင့် မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် အသိပညာပေးဆွေးနွေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသည့် တောင်သူများက သိလိုသည်များကို ဆွေးနွေးတင်ပြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁၈၂ | ၁,၆၁၉,၈၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၅၈၃ | ၁,၇၄၉,၀၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၆၅၀ | ၅,၃၅၅ | ၉,၁၀၂,၀၅၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၂၃၃ | ၅၉၄,၁၅၀ |
| EFR | ၂,၁၅၀ | ၂,၂၀၀ | ၇၅၈ | ၁,၆၁၄,၇၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၁၂ | ၅၈,၆၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၁,၁၀၅ | ၁,၉၅၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများ ကြည့်ရှုစစ်ဆေး






နေပြည်တော် အောက်တိုဘာ ၁၃

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-2)၌ ကျင်းပသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အခမ်းအနားဖွင့်လှစ်မှု၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ပြခန်းများခင်းကျင်းပြသထားမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ အကအဖွဲ့များကပြဖျော်ဖြေမှုများ အပါအဝင် နှစ်ပတ်လည်နေ့အခမ်းအနား အစီအစဉ်အလိုက် ဝတ်စုံပြည့် အစမ်းလေ့ကျင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂(MICC – 2)၌ နိုင်ငံရေးအနှစ်သာရရှိရှိ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ရန်ရောက်ရှိလာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား နေပြည်တော်လေဆိပ်၌ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

❂ ရှေ့ဖုံးမှ

ဦးခိုင်စိုးနိုင်အောင်၊ ဦးမျိုးဝင်းနှင့် အခမ်းအနားသို့ ဖိတ်ကြားထားသည့် EAO ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

အဆိုပါ EAO ခေါင်းဆောင်များအား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့ စသည့် စာသားပါဆိုင်းဘုတ်များကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များကိုင်ဆောင်၍ လည်းကောင်း နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များကလည်း NCA နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နေပြည်တော်သို့ ထွက်ခွာလာကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဝန်းသိုမြို့၌ ဒေသခံပြည်သူများအား စားအုန်းဆီကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

ဝန်းသို အောက်တိုဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စားအုန်းဆီကို



ဈေးနှုန်းသက်သာစွာဖြင့် သတ်မှတ်နေရာများတွင် ယနေ့ နံနက် ၇ နာရီက ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် ပြည်သူများအား တစ်ဦးလျှင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၅၆၀၀ နှုန်းဖြင့် စားအုန်းဆီကိုယ်စားလှယ်သုံးဦးရောင်းချသည့် သတ်မှတ်နေရာများတွင်လည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်း တစ်ဦးလျှင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၅၆၀၀ နှုန်းဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လည်းကောင်း ရောင်းချပေးခဲ့ပြီး အဆိုပါစားအုန်းဆီရောင်းချနေမှုတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်းသိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် တန်ဖိုးသင့်အခြေခံစားကုန်ပစ္စည်းများကို မူရင်းပေါက်ဈေးနှုန်း၏ ၁၀ ရာခိုင်နှုန်းလျှော့ချ၍ အပတ်စဉ် စနေနေ့တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မဘိမ်းမြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

မဘိမ်း အောက်တိုဘာ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မြို့နယ်ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၉ နာရီခွဲက မဘိမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇာနည်မောင် ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသွေးလှူဒါန်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများအတွက် ဘာသာစကားသင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော်   အောက်တိုဘာ   ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ပူးပေါင်းဆောင်ရွက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများအတွက် ကုလသမဂ္ဂရုံးသုံးဘာသာစကားများဖြစ်သည့် အာရပ်သာသာစကားမှအပ အင်္ဂလိပ်၊ တရုတ်၊ ပြင်သစ်၊ ရုရှား၊ စပိန်နှင့် အခြားဘာသာစကားများဖြစ်ကြသည့် ထိုင်း၊ ကိုရီးယား၊ ဂျာမန်နှင့် ဂျပန်၊ အီတလီ စုစုပေါင်း ဘာသာစကား ၁၀ မျိုး သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်) ရှိ လောကနတ်ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်၍ သင်တန်းဖွင့်ပွဲအမှာစကား ပြောကြားသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်တန်းနည်းပြများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သန်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါဘာသာစကားသင်တန်းများကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ယနေ့မှစတင်၍ အွန်လိုင်းစနစ်ဖြင့်လည်းကောင်း In-person စနစ်ဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးရှိ အရာထမ်း/ အမှုထမ်း စုစုပေါင်း ၁၉၄ ဦး တက်ရောက်ကြမည်ဖြစ်ရာ ဘာသာစကားအသီးသီးကို ကျွမ်းကျင်တတ်မြောက်နိုင်ရန်နှင့် ထိရောက်ပိုင်နိုင်စွာအသုံးချနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ မော်စကိုမြို့ရှိ Gazprom ကုမ္ပဏီ၏ Moscow Oil Refinery သို့သွားရောက်လေ့လာ

**နေပြည်တော်   အောက်တိုဘာ   ၁၃**

(၆) ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ် (REW) သို့တက်ရောက်ရန် ရုရှားနိုင်ငံ မော်စကိုမြို့၌ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ မော်စကိုမြို့ရှိ Gazprom ကုမ္ပဏီ၏ Moscow Oil Refinery သို့သွားရောက်လေ့လာကြသည်။




**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Moscow Oil Refinery စက်ရုံ အစည်းအဝေးခန်းမသို့ ရောက်ရှိရာ Gazprom ကုမ္ပဏီတာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်း၊ စက်ရုံလည်ပတ်ပြီး စက်သုံးဆီအမျိုးမျိုး ထုတ်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် ရေနံချက်စက်ရုံအသစ်တည်ဆောက်ရန်နှင့် လက်ရှိ စက်ရုံများကို အဆင့်မြှင့်တင် ပြုပြင်မွမ်းမံရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေနံချက်စက်ရုံအသစ် တည်ဆောက်ရာတွင် Petrochemical Complex အဆင့်အထိ တည်ဆောက်၍ ရေနံထွက်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်သွားရန် ရည်မှန်းဆောင်ရွက်နေပါကြောင်း၊ ရေနံချက်စက်ရုံများနှင့်ပတ်သက်သည့် နည်းပညာအကူအညီများ ပံ့ပိုးပေးစေလိုကြောင်း၊ Gazprom ကုမ္ပဏီအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိကြောင်း၊ ရေနံချက်စက်ရုံတည်ဆောက်ခြင်း နည်းပညာနှင့် ရေနံချက်လုပ်ခြင်းနည်းပညာများကို သင်တန်းများ ဖွင့်လှစ်ပို့ချပေးစေလိုကြောင်း ဆွေးနွေးပြောကြားပြီး သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ Control Room ၊ ဓာတ်ခွဲခန်းနှင့် Green Area တို့သို့သွားရောက်၍ ရေနံထွက်ပစ္စည်းများထုတ်လုပ်နေမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

**ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ**

ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ မော်စကိုမြို့ရှိ Moscow Oil Refinery ကို ၁၉၃၈ ခုနှစ်က စတင်လည်ပတ်ခဲ့ပြီး စက်ရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်အလိုက်အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ တစ်နှစ်လျှင် ရေနံစိမ်း ၁၂ ဒသမ ၅ မက်ထရစ်တန် သန်းခန့်ချက်လုပ်နိုင်သည့် နိုင်ငံတကာအဆင့်မီ ရေနံချက်စက်ရုံတစ်ရုံအဖြစ် အဆင့်မြင့် ဓာတ်ဆီ၊ ဒီဇယ်အပါအဝင် ရေနံထွက်ပစ္စည်းအမျိုးအမယ်ပေါင်း ၃၀ ကျော်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ အဆိုပါ စက်ရုံသည် ကုန်ကြမ်းပမာဏ၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်းအထိ ကုန်ချောထုတ်လုပ်နိုင်ပြီး ရေနံချက်လုပ်ခြင်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သင်တန်းဆိုင်ရာအတွေ့အကြုံများမျှဝေခြင်း အခမ်းအနား (၁၅/ ၂၀၂၃) ကျင်းပ



**နေပြည်တော်   အောက်တိုဘာ   ၁၃**

သင်တန်းဆိုင်ရာအတွေ့အကြုံများမျှဝေခြင်း (Knowledge Sharing) အခမ်းအနား (၁၅/၂၀၂၃) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်ရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဆိုင်ရာ အတွေ့အကြုံများမျှဝေခြင်း (Knowledge Sharing) အခမ်းအနား (၁၅/၂၀၂၃)သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မြင့်နိုင်နှင့် ဒေါက်တာလင်းအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေရေးကြေးရေး တည်ငြိမ်မှုတွင် ထိရောက်သောငွေပေးချေမှုစနစ်၏ အရေးပါမှုများ၊ ဗဟိုဘဏ်များမှထုတ်ဝေသော ဒစ်ဂျစ်တယ်ငွေကြေးနှင့် စပ်လျဉ်း၍ ဗဟိုဘဏ်များ၏ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ခရစ်တို ငွေကြေးပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ဗဟိုဘဏ်များ၏ အနာဂတ်ဆောင်ရွက်ချက်များအား သိရှိနားလည်စေလိုပါကြောင်းနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန်နှင့် ကြွယ်ဝချမ်းသာလာစေရန်အတွက် ငွေရေးကြေးရေးတွင် အားလုံးပါဝင်လာရေးသည် အဓိကကျပါကြောင်း၊ ပြီးပြည့်စုံသော အမျိုးသားငွေရေးကြေးရေးစနစ်တွင် အားလုံးပါဝင်လာရေးအတွက် ငွေပေးချေမှုနည်းပညာသစ်များပေါ်ထွန်းလာစေရန်နှင့် လက်ရှိငွေပေးချေမှုစနစ်များအား လုံခြုံ၍ စိတ်ချရသည့် ငွေပေးချေမှုစနစ်များအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်တို့လိုအပ်ပါကြောင်း၊ ထိရောက်သော ငွေပေးချေမှုစနစ်တစ်ရပ်တွင် ငွေပေးချေမှုကြီးကြပ်ရန်အတွက် ဥပဒေပိုင်းဆိုင်ရာအခြေခံများ ထုတ်ပြန်နိုင်ရေးနှင့် ငွေပေးချေမှုကြီးကြပ်ရေးနည်းလမ်းများ အားကောင်းခိုင်မာရေးသည် မရှိမဖြစ်အရေးကြီးပါကြောင်း၊ အဆိုပါကိစ္စရပ်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်းများ ပိုမိုသိရှိနားလည်လာစေခြင်းဖြင့် ကျွမ်းကျင်သူ လူငယ်အစိုးရဝန်ထမ်းများ မွေးထုတ်ရာတွင် များစွာအထောက်အကူ ပြုစေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် “Digital Payments Landscape in Financial Inclusion in Emerging Markets” ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဦးစိုင်းကျော်ကျော် (ညွှန်ကြားရေးမှူး)၊ ဦးစိုးမင်းထွဏ်း (ဒုတိယညွှန်ကြားရေးမှူး) နှင့် ဦးထွန်းအောင်ဖြိုး (ဒုတိယညွှန်ကြားရေးမှူး) တို့ကတင်ပြဆွေးနွေးခဲ့ကြရာတက်ရောက်လာကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့် အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# (၁၀၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၆)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

(၁၀၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၆)ကြိမ်မြောက် မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများနှင့် အစည်းအရုံးဝင်များ၊ မြန်မာ့ရုပ်ရှင်သက်ကြီး အနုပညာရှင်များနှင့် ရုပ်ရှင်အနုပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ကုသိုလ်အဖြစ် ဖွင့်လှစ်သည့် ဈေးဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၄၆)ကြိမ်မြောက် ရုပ်ရှင်အနုပညာရှင် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ရုပ်ရှင် သက်ကြီး အနုပညာရှင်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အလှူငွေကျပ်သိန်း ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်း ၂၀၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၅၀၊ Forever Group Co.,Ltd က ငွေကျပ်သိန်း ၇၀၊ ရွှေသံလွင်မီဒီယာ(Sky Net) မိသားစုက စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၃ သိန်းရှိ Sky Net DTH ကြည့်ရှုခွင့် ခြောက်လစာနှင့် DTH စက်တစ်စုံ၊ ရုပ်ရှင်ရုံလုပ်ငန်းမိသားစုများက ငွေကျပ် ၁၇ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး နာယကများနှင့် အမှုဆောင်များက လက်ခံရယူကြသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မှာကြားပြောကြားရာတွင် အခမ်းအနားသို့ အနုပညာရှင်များ အားလုံးနီးပါး စုံညီစွာတက်ရောက်ကြသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ယနေ့တွင် ပူဇော်ကန်တော့ခံ အနုပညာရှင်များသည် နိုင်ငံ့အကျိုး၊ ဒေသအကျိုးနှင့် ပြည်သူ့အကျိုးကို အနုပညာစွမ်းအားဖြင့် စွမ်းဆောင်ခဲ့သူများဖြစ်၍ ရိုသေလေးစားစွာ ဂါရဝပြုအပ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်အနုပညာနယ်ပယ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် တုံ့ဆိုင်းရပ်တန့်လုနီးပါးဖြစ်ခဲ့ရပြီး ယနေ့တွင် ပုံမှန်နီးပါး ပြန်လည်ရောက်ရှိလာပြီဟု ပြောရမည်ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အကယ်ဒမီပေးပွဲကို ဆောင်ရွက်ရန်ရှိပြီး ယမန်နှစ်ကကဲ့သို့ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။



အနုပညာကို နိုင်ငံတော်နှင့် ပြည်သူက ချစ်မြတ်နိုးလျက်ရှိပြီး ပြီးခဲ့သည့်ဖြစ်ရပ်များကို သင်ခန်းစာယူ၍ လာမည့်အနာဂတ်တွင် သစ်လွင်သောအနုပညာရပ်များ ပေါ်ထွန်းလာရေးအတွက် အနုပညာစွမ်းအားဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းလိုပါကြောင်း၊ ရုပ်ရှင်သက်ကြီး အနုပညာရှင်များ အနေဖြင့် ယခုမှသည် နှစ်ရာကျော်တိုင် သက်ရှည်ကျန်းမာလျက် နိုင်ငံ့အကျိုးနှင့်ပြည်သူ့အကျိုးကို အနုပညာစွမ်းအားဖြင့် ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မှာကြားစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရုပ်ရှင်သက်ကြီးပညာရှင်များအား နွေးထွေးလှိုက်လှဲစွာ မိတ်ဆက်ဂါရဝပြုပြီး လှူဒါန်းပစ္စည်းများ ပေးအပ်ကာ စုပေါင်းဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် ရုပ်ရှင်သက်ကြီးပညာရှင် ဦးအောင်လွင်က ကျေးဇူးတင် ဝမ်းမြောက်ပီတိစကား ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးမြန်မာဇာတ်ကားကို ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် "မေတ္တာနှင့် သူရာ" ဇာတ်ကားကို ပြသခဲ့ပြီး ထိုနေ့ကို မြန်မာ့ရုပ်ရှင်နေ့အဖြစ် သတ်မှတ်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ ယခုအကြိမ်သည် (၄၆) ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဖူလုံရေးအဖွဲ့၏ ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ၏ ယုံကြည်ကိုးစားရသည့် လူမှုဖူလုံရေး စီမံကိန်းအဖြစ် အကောင်အထည် ဖော်နိုင်ရန် လက်ရှိ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲ လုပ်ကိုင်နေမှုနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ထဲထဲဝင်ဝင်သိရှိပြီး တက်ကြွစွာပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ လူမှုဖူလုံရေးအဖွဲ့မှ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်အားဖြင့် လူမှုဖူလုံရေးစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက် အာမခံအလုပ်သမားများ၏ လူမှုစီးပွားဘဝ လုံခြုံမှုရရှိရေးကို အလေးထားဆောင်ရွက်ပေးနေမှုအပေါ် ဝန်ထမ်းအားလုံး တန်ဖိုးထားဂုဏ်ယူရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ လိုက်နာကျင့်ကြံရမည့် ဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲများ၊ ဦးစီးဌာန၊ အဖွဲ့များမှ စစ်ဆေးစည်းကြပ်သည့် အလုပ်သမားရေးရာဥပဒေ၊ နည်းဥပဒေများကို ကျေညက်စွာ သိရှိနားလည်ပြီး လိုက်နာကြရန်နှင့် ပေးအပ်သည့်တာဝန်များကို စိတ်စေတနာကောင်းဖြင့် ကျေပွန်စွာ ထမ်းဆောင်ရန်၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး စည်းကမ်းရှိ၍ စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

# ဗဟန်းမြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများ၏ လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီက ဗဟန်းမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုရေးပင်စင်ထောက်ပံ့ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူး ၂၂ ဦးအား ရပ်ကွက်အတွင်းရှိ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဘိုးဘွား ၄၉၇ ဦးတို့အတွက် အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ရန် ထောက်ပံ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ငြိမ်းချမ်းရေးတံခါးခေါက်သံ(သို့မဟုတ်) NCA (၈)နှစ်ပြည့်မှသည်....

ငြိမ်းချမ်းရေးဟူသည် "ဆူပူလှုပ်ရှားထကြွခြင်း၊ စစ်မက် စသည်တို့ ကင်းမဲ့သောအဖြစ်" ဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပေရာ ငြိမ်းချမ်းခြင်းကို လူသားတိုင်း လိုချင်တောင့်တကြပေလိမ့်မည်။

ငြိမ်းချမ်းရေးဗိသုကာ မဟတ္တမဂန္ဒီက "အကြမ်းဖက်မှုဖြင့် ရအပ်သော အောင်ပွဲသည် တဒင်္ဂအောင်ပွဲဖြစ်သောကြောင့် အရှုံးဟုအဓိပ္ပာယ် သက်ရောက်သည်။ ကျွန်ုပ်သည် အကြမ်းဖက်မှုကို ကန့်ကွက်သည်။ အကြောင်းမှာ အကြမ်းဖက်ခြင်းက ကောင်းအောင်လုပ်သည်ဆိုလျှင် အကောင်းသည် ခဏပန်းသာဖြစ်ပြီး အဆိုးသည် အမြဲတမ်းရှိနေမည်ဖြစ်သောကြောင့်ပင်" ဟု ဆိုမိန့်ခဲ့သည်။

> **အတိတ်သမိုင်းဖြစ်စဉ်များမှာ အမြင်သဘောထားချင်း မတူညီကြသဖြင့် အာဃာတများ၊ အမုန်းတရားများ၊ ဝိရောဓိများကြောင့် ဝမ်းနည်းဖွယ်အဖြစ်များနှင့် ကြုံတွေ့ခဲ့ကြရသလို ဆုံးရှုံးမှုများကိုသာ ရယူပိုင်ဆိုင်ခဲ့ကြရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အမြင်ချင်း၊ ယုံကြည်ချက်ချင်း မတူညီနိုင်ကြပေ။ အမိဝမ်းမှမွေးဖွားပေးခဲ့သည့် ညီရင်းအစ်ကိုများ ဖြစ်လင့်ကစား လူအမျိုးမျိုး စိတ်အထွေထွေရှိကြပေရာ ခံယူချက်၊ ရည်မှန်းချက်များ ကွဲပြားနေမည်သာဖြစ်သည်။ သို့သော် မတူညီနိုင်သည်များကို ဘေးဖယ်ပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းပြု၍ ပြည်ထောင်စုနိုင်ငံတော်ကြီးကို မျက်မှောက်ပြုကြရပေမည်**

### ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ဦးတည်လျှောက်လှမ်း

ငြိမ်းချမ်းရေးကို ဦးတည်လျှောက်လှမ်းရာတွင် ယနေ့ခေတ် ကမ္ဘာ့နိုင်ငံများတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကိုကျင့်သုံးပြီး ငြိမ်းချမ်းသာယာသည့်ကမ္ဘာအဖြစ် ပုံဖော်လျက်ရှိသည်။ မိမိတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် သဘာဝက ဖန်ဆင်းအပ်နှင်းထားသည့် အလှတရားများမှာ ပကတိသန့်ရှင်းစင်ကြယ်ရုံမျှမက မြတ်နိုးဖွယ်အတိ ရှိပေသည်။ ယင်းအလှတရားများကို အာဃာတ၊ အမုန်းတရားများဖြင့် အကျည်းတန် အရုပ်ဆိုးမသွားစေရန် ကမ္ဘာ့နိုင်ငံတိုင်းက ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ကာလရှည်ကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်ရပ်စဲပြီး နိုင်ငံရေးအရ ဖြေရှင်းနိုင်ရန်အတွက် အရေးအကြီးဆုံးမှတ်တိုင်တစ်ခုဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement– NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယခုဆိုလျှင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့သည်မှာ (၈) နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကနဦးအဆိုပြုချက်များအပေါ်အခြေခံကာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့က သဘောတူရေးဆွဲခဲ့ကြသည့် သမိုင်းဝင်စာချုပ်လည်းဖြစ်သည်။ ထို့ပြင် နိုင်ငံတကာအသိသက်သေများအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့က သံတမန်များနှင့် ပြည်တွင်း အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ရုံမျှမက ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဖျောက်ဖျက်မရ၊ ပျက်ပြယ်မသွားနိုင်သည့် သမိုင်းဝင်စာချုပ်လည်းဖြစ်သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ဖွဲ့ ထပ်မံပါဝင် လက်မှတ်ရေးထိုးခဲ့သဖြင့် NCA တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

ယခုလက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်တွင် နိုင်ငံတော်အစိုးရ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့နှင့် နိုင်ငံရေးပါတီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

### ရာနှုန်းပြည့်အောင်မြင်နိုင်ရေး ရည်မှန်းဖော်ဆောင်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံထားသည့် ပြည်ထောင်စုကြီးကို တည်ဆောက်သွားရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ရာနှုန်းပြည့်အောင်မြင်နိုင်ရေး ရည်မှန်းဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်အထိ ကျန်ရှိနေသေးသည့် ပြည်တွင်းပဋိပက္ခများကို ဖြေရှင်းနိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုပြီး ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရေး နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

### အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရ

သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် သက်ဦးဆံပိုင်ဘုရင်စနစ်နှင့် ကိုလိုနီစနစ် ကျင့်သုံးခဲ့စဉ်က အစပြု၍ လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့သည့်ကာလများတွင် လူမျိုးစွဲ၊ ဝါဒစွဲ၊ နိုင်ငံရေးအယူအဆ ကွဲပြားခြားနားမှုများကြောင့် တိုင်းပြည်တွင် အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရသည်။

ယနေ့အချိန်တွင် နိုင်ငံရေးပြဿနာကို အကြောင်းပြု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ ပြည်တွင်း၊ ပြည်ပ သွေးထိုးလှုံ့ဆော်သူများကြောင့် နိုင်ငံအတွင်း ဆန့်ကျင်အုံကြွမှုများ၊ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများစသည့် အခက်အခဲများနှင့်စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည်။

အတိတ်သမိုင်းဖြစ်စဉ်များမှာ အမြင်သဘောထားချင်း မတူညီကြသဖြင့် အာဃာတများ၊ အမုန်းတရားများ၊ ဝိရောဓိများကြောင့် ဝမ်းနည်းဖွယ်အဖြစ်များနှင့် ကြုံတွေ့ခဲ့ကြရသလို ဆုံးရှုံးမှုများကိုသာ ရယူပိုင်ဆိုင်ခဲ့ကြရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အမြင်ချင်း၊ ယုံကြည်ချက်ချင်း မတူညီနိုင်ကြပေ။ အမိဝမ်းမှမွေးဖွားပေးခဲ့သည့် ညီရင်းအစ်ကိုများ ဖြစ်လင့်ကစား လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြပေရာ ခံယူချက်၊ ရည်မှန်းချက်များကွဲပြားနေမည်သာဖြစ်သည်။ သို့သော် မတူညီနိုင်သည်များကို ဘေးဖယ်ပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းပြု၍ ပြည်ထောင်စုနိုင်ငံတော်ကြီးကို မျက်မှောက်ပြုကြရပေမည်။

အထူးသတိပြုကြရမည်မှာ "နွားကွဲလျှင် ကျားဆွဲမည်" စကားပုံအတိုင်း နွားမကွဲအောင်၊ ကျားမဆွဲအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ ငယ်စဉ်ကသင်ခဲ့ရသည့် ထင်းတစ်ချောင်းတည်း ချိုး၍ရသော်လည်း စုစည်းထားသည့် ထင်းစည်းကို ချိုး၍မရနိုင်ပုံ၊ ရွှံ့ညွန်အတွင်း နစ်နေသည့်လှည်းကို တစ်ဦးတည်းဖြင့် တွန်း၍မရနိုင်ဘဲ ဦးတည်ရာတစ်ဖက်တည်းကို မျှော်မှန်းပြီး စုပေါင်းအားဖြင့် ဝိုင်းဝန်းလုပ်ဆောင်မှသာ လိုရာခရီးရောက်နိုင်ပုံစသည့် ပုံပြင်သာဓကများစွာ ရှိပြီးဖြစ်ပါသည်။

အေးချမ်းသူ

မြန်မာ့သမိုင်းမှတ်တိုင်တစ်ရပ် ရေးထိုးနိုင်ခဲ့သော ပြည်ထောင်စုနေ့သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ သွေးစည်းညီညွတ်မှုကို ညွှန်းဆိုပြသခဲ့သည့် နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ စုပေါင်းညီညွတ်မှုအားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ပိုင်ဆိုင်ရယူနိုင်ခဲ့သည်။ ထိုကဲ့သို့ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သည့် သမိုင်းကြောင်းကို သက်သေတည်၍ ပြဆိုခဲ့သည့် မှတ်တိုင်များသည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုမှရရှိခဲ့သည့် အသီးအပွင့်များပင်ဖြစ်သည်။

### ငြိမ်းချမ်းမှုအပေါ်တွင် များစွာတည်မှီ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုနိုင်ငံ၏ ငြိမ်းချမ်းမှုအပေါ်တွင် များစွာတည်မှီနေပါသည်။ နိုင်ငံအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးသည် မရှိမဖြစ်လိုအပ်ပေသည်။ ငြိမ်းချမ်းချစ်ကြည်မှုရှိရန်မှာ တစ်ဦးတစ်ယောက်တည်းဖြင့် တည်ဆောက်၍မရပေ။ သို့ဖြစ်ရာ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေးနှင့် အပြန်အလှန် ယုံကြည်လေးစားမှုရှိရေးသည်လည်း မတူညီသောအခြေအနေများကို စုစည်းရာတွင် မရှိမဖြစ်ကျင့်သုံးအပ်သည့် အရာပင်ဖြစ်သည်။ ခေတ်ကာလ နိုင်ငံရေးအခြေအနေအမျိုးမျိုးတို့ကြောင့် ဖြစ်တည်လာခဲ့သည့် စိတ်ဝမ်းကွဲမှုတို့သည် ပြည်ထောင်စုကြီး၏ အတွင်းအင်အားများကို ယုတ်လျော့သွားနိုင်ပေသည်။

> **နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် ထိုနိုင်ငံ၏ ငြိမ်းချမ်းမှုအပေါ်တွင် များစွာတည်မှီနေပါသည်။ နိုင်ငံအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးသည် မရှိမဖြစ်လိုအပ်ပေသည်။ ငြိမ်းချမ်းချစ်ကြည်မှုရှိရန်မှာ တစ်ဦးတစ်ယောက်တည်းဖြင့် တည်ဆောက်၍မရပေ။ သို့ဖြစ်ရာ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေးနှင့် အပြန်အလှန်ယုံကြည်လေးစားမှုရှိရေးသည်လည်း မတူညီသောအခြေအနေများကို စုစည်းရာတွင် မရှိမဖြစ်ကျင့်သုံးအပ်သည့်အရာပင်ဖြစ်သည်။ ခေတ်ကာလနိုင်ငံရေးအခြေအနေအမျိုးမျိုးတို့ကြောင့် ဖြစ်တည်လာခဲ့သည့် စိတ်ဝမ်းကွဲမှုတို့သည် ပြည်ထောင်စုကြီး၏ အတွင်းအင်အားများကို ယုတ်လျော့သွားနိုင်ပေသည်**

ဒီမိုကရေစီစနစ်တွင် ပြည်သူအများစု၏ မျှော်လင့်ချက်၊ လိုလားချက်၊ တောင့်တချက်များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လူနည်းစု၏ အရေးကိစ္စရပ်များကိုလည်း မလွဲမသွေ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဒီမိုကရေစီစံနှုန်းနှင့်အညီ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ ထင်သာမြင်သာရှိမှုများလည်း လိုအပ်ပါသည်။ မတူကွဲပြားမှုများကို တွန်းအားအဖြစ်အသွင်ပြောင်းကာ ယုံကြည်စိတ်လျော့နည်းမှုများ၊ သံသယစိတ်များ၊ စိတ်ဝမ်းကွဲပြားမှုများကို စည်းလုံးညီညွတ်မှုအားဖြင့် ကျော်လွှားကြရမည်ဖြစ်သည်။

ဖက်ဒရယ်ဟုဆိုရာတွင်လည်း မတူကွဲပြားနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ လူမျိုး၊ လူမျိုးစုတို့ကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တို့ကို ခွဲဝေကျင့်သုံးသည့် အယူအဆ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းတို့ပင် ဖြစ်ပေသည်။

တိုင်းပြည်၏ အကျပ်အတည်း၊ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် တပ်မတော်က ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တာဝန်ယူခဲ့ကာ ပြည်သူ့ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ပုံဖော်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် အစိုးရနှင့် တပ်မတော်တို့ လက်တွဲ၍ နိုင်ငံတော်တိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ရိုးသားမှုမရှိသော နည်းလမ်းများဖြင့် အနိုင်ရရှိရေးဆောင်ရွက်ခဲ့မှုနှင့် မဲစာရင်းကွဲလွဲမှုများကြောင့် အရေးပေါ်ကာလ သတ်မှတ်ကာ တပ်မတော်က နိုင်ငံ့တာဝန်များကို ဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။

စာမျက်နှာ ၇ သို့ ❐

## ငြိမ်းချမ်းရေးပန်း

❖ ဝေးရာမှ နီးလာ
နီးရာမှ ပြန်လှမ်း။
❖ မဝေးမနီးနဲ့
သွေးကြီးသူ မာယာကျော့
လက်မလျှော့တမ်း။
❖ ခရီးတဘောင်
နီးမယောင်နဲ့ ကွာလှမ်း။
❖ ဘယ်လောက်ဝေးစေတော့
ရောက်ရေးကို ဇောထက်ထက်နဲ့
အမောမဖက် ဆက်ဆက်လှမ်းရင်ဖြင့်
ဟော.. လက်တကမ်း။
❖ တန်ဖိုးကြီးသည်မို့
အလွယ်နည်းနဲ့ မရနိုင်။
❖ ခက်ခက်ကို လိုချင်မှတော့
ခက်နေတာကို မငြိုငြင်ဘဲ
နှစ်ကိုယ်ကြင် ကြိုတင်မှန်းလို့
လှမ်းဆွတ် ဖွဲ့ပြိုင်။
❖ ငှတ်မိတော့ သဲတိုင်
တက်နိုင်မှ ဖျားရောက်။
❖ တစ်ရက် တစ်လှမ်း
မပျက်တမ်း အားမာန်ခဲ
ရဲရဲသာလျှောက်။
❖ အားလုံး ဖွဲ့ညီလို့
"ကျွဲ" ကို "ဤ" သို့ အမှန်ပြင်။
❖ "အလျှော့ပေးခြင်း" အနုပညာလို့
ရှုမြင်ကာ အငြင်းရပ်
ချဉ်းကပ်စေချင်။
❖ သာတာ နာတာထက်
ပြည်ရွာမျက်နှာ သေချာကြည့်
အဖြေရှာညှိ သင့်မြတ်လျှင်
အကြားမထင် ညီညွတ်အား။
❖ တစ်နေ့မှာတော့
တို့မြေမှာ သည်မြတ်ပန်း
လန်းစွင့်စေသား။

ဇော်မင်းမင်းဦး

(တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက်)

❒ စာမျက်နှာ ၆ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဆက်လက်ဖော်ဆောင်ရာတွင် ရပ်တည်သွားရမည့် အခြေခံအချက်နှစ်ခုရှိပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ် ခိုင်ခိုင်မာမာ ရပ်တည်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေရချိန်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေခြင်းသာဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းများသည် ဒီမိုကရေစီနည်းလမ်းကျပေါ်ထွက်လာသည့် အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေခြင်း၊ တစ်နည်းအားဖြင့် ပြည်သူလူထု လိုလားတောင့်တသည့် ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းပင်ဖြစ်ကြောင်း" တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

### ဦးစားပေးဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အန္တိမရည်မှန်းချက်အဖြစ် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းကဲ့သို့ မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မိသားစုတစ်စုချင်းမှသည် မိမိတို့နေထိုင်ရာ မြို့၊ ရွာမှစ၍ တစ်နိုင်ငံလုံး၊ ကမ္ဘာမြေကြီးကိုပါ အစဉ်စိမ်းလန်းစိုပြည်ပြီး အေးချမ်းတည်ငြိမ်သာယာစေရန် အဖျက်အမှောင့်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများ၊ ဘာသာရေးပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရမည်ဖြစ်သည်။ ထိုကဲ့သို့ ကာကွယ်ရန်မှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ နားလည်မှုများ အပြန်အလှန် တည်ဆောက်ပြီး တစ်နိုင်ငံလုံးပစ်ခတ်

> ❝ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဖော်ဆောင်ရာတွင် ရပ်တည်သွားရမည့် အခြေခံအချက်နှစ်ခုရှိပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အပေါ် ခိုင်ခိုင်မာမာ ရပ်တည်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေရချိန်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေခြင်းသာဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းများသည် ဒီမိုကရေစီနည်းလမ်းကျ ပေါ်ထွက်လာသည့် အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေခြင်း၊ တစ်နည်းအားဖြင့် ပြည်သူလူထု လိုလားတောင့်တသည့် ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းပင်ဖြစ် ❞

တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့်အညီ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာမှုများဖြင့် ငြိမ်းချမ်းရေးတံခါးကြီးကိုဖွင့်ရင်း နိုင်ငံအကျိုးပြုလုပ်ငန်းများကို တိုင်းရင်းသားအားလုံး ဝိုင်းဝန်းပါဝင် လက်တွဲသွားကြပါရန် ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။ ॥

❖



ပဲခူးမြစ်ရေလျှံတက်မှုကြောင့် သဘာဝဘေးကျရောက်ခဲ့ရသည့် ပဲခူးမြို့နယ် ပြည်သူများအား မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ ဦးဆောင်သော အဖွဲ့ဝင်များက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ သောက်ရေသန့်ဘူးများနှင့် အစားအစာများကို အောက်တိုဘာ ၁၃ ရက်နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရုံးသို့ သွားရောက်လှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့က လက်ခံရယူစဉ်။ တင်ဝင်းတင်



ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ဇေယျာသိဒ္ဓိကျောင်းတိုက် ဆရာတော် ဦးဓမ္မသာရ ဦးဆောင်၍ အလှူရှင်များက ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆန် ၂၆ အိတ်၊ ဆီ ၃၂၅ ပိဿာ၊ ရေသန့်ကတ် ၂၉၀၊ ခေါက်ဆွဲခြောက်ဖာ ၉၀၊ ဆပ်ပြာ ၁၀ ကတ်နှင့် မုန့်မျိုးစုံ ၃၃၆ ဖာတို့ကို အောက်တိုဘာ ၁၃ ရက်က ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်နှင့် ဇိုင်းဂနိုင်းကြီးရပ်ကွက်ရှိ အိမ်ထောင်စု ၄၅၀ အတွက် သွားရောက်လှူဒါန်းစဉ်။ ဘော်ဂါသွေး

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ညနေပိုင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အင်ဘက်ကုန်းကျေးရွာနှင့် သဲဖြူကျေးရွာတို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် အင်ဘက်ကုန်းကျေးရွာသို့ သွားရောက်ပြီး တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းမှ အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံရာ သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် အသင်းအမှုဆောင်များက အသင်းသားတောင်သူ ၂၆ ဦးတို့၏ စိုက်ပျိုးဧက ၄၄ ဧကကျော်ပေါ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်း



တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်နည်းစနစ်၊ စိုက်ပျိုးရေရရှိရေးတို့အတွက် မိမိတို့ ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေများကို သီးနှံပေါ်လျှင် သတ်မှတ်ကာလအတွင်း အပြေအကျေပေးသွင်းကြရန် တိုက်တွန်းမှာကြားပြီး ကျေးရွာအသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာအုပ်စု သဲဖြူကျေးရွာသို့ရောက်ရှိပြီး စနစ်ကျလယ်ယာမြေ ၁၃၉ ဧကပေါ်တွင် ကျေးရွာ သမဝါယမ အသင်းသားများ၊ ကျေးရွာတောင်သူများ စိုက်ပျိုးထားသော မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် မွေးမြူထားသော ဝက်မွေးမြူရေးလုပ်ငန်းနှင့် မြေပဲစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၃**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အကြားတွင် အထည်ချုပ်စက်ရုံ ၁၃၀ ကျော်ကို ဈေးကွက်သစ်ရှာဖွေခဲ့ပါကြောင်း၊ ဂျပန်နှင့် ကိုရီးယားသည် မြန်မာအထည်ချုပ်ကို ဝယ်ယူသည့်အဓိကနိုင်ငံများဖြစ်လာကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဂျပန်မှ အမှာစာ ၃၇ ဒသမ ၅ ရာခိုင်နှုန်း၊ ကိုရီးယားမှ ၂၅ ဒသမ ၃ ရာခိုင်နှုန်း လက်ခံရရှိခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများ တစ်ရှိန်ထိုးတိုးတက်မှုကြောင့် အထည်ချုပ်လုပ်ငန်းဖွံ့ဖြိုးခဲ့ပါကြောင်း၊ လက်ရှိ CMP စက်ရုံနှင့် CMP တစ်ဆင့်ခံစက်ရုံ ၇၈၈ ရုံ ရှိပါကြောင်း၊ ပို့ကုန်ဝင်ငွေများအလိုက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ အမေရိကန်ဒေါ်လာ ၄၃၁၆ ဒသမ ၈၉ သန်းရှိသဖြင့် ယခင်နှစ်ပို့ကုန်တန်ဖိုးထက် ပိုမိုတိုးတက်လာခဲ့ကြောင်း။

ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ အထည်ချုပ်စက်ရုံပေါင်း ၅၃ ရုံအား NSSA အသိအမှတ်ပြုကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ကျွမ်းကျင်မှုအသိအမှတ်ပြုရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုကြောင်း ပြောကြားသည်။




ဆက်လက်၍ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး (၁) ဦးထွန်းထွန်းနှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အထည်ချုပ်လုပ်ငန်းကဏ္ဍများ အောင်မြင်စေရေး၊ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်စေရေး၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

**ဟသ်ာတ အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများမှ အမျိုးသမီးများ ဝင်ငွေတိုးတက်ရေး လုပ်ငန်းဖြစ်သည့် အခြေခံ စက်ချုပ်နည်းပညာသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ဟသ်ာတမြို့နယ် ကညင်ငူအုပ်စု အုတ်ပုံကျေးရွာတွင် ဖွင့်လှစ်ခဲ့သည်။



ဦးစွာ ဟသ်ာတခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လတ်လတ်ဝင်းက အမျိုးသမီးများ ဝင်ငွေတိုးတက်ရေး လုပ်ငန်းဖြစ်သည့် အခြေခံ စက်ချုပ်နည်းပညာသင်တန်းကို ရက် ၃၀ ကြာ ဖွင့်လှစ်ပေးပြီး မွမ်းမံသင်တန်းအား ၁၅ ရက်ကြာ ထပ်မံဖွင့်လှစ်ပေးမည့် အခြေအနေ၊ အခြေခံနှင့် မွမ်းမံသင်တန်းပြီးမြောက်ပါက သင်တန်းသူများမှ အသေးစားလုပ်ငန်းများ ထူထောင်ရန် အမှန်တကယ် စိတ်ဝင်စားသည့် ငါးဦးကို စိစစ်ရွေးချယ်၍ လုပ်ငန်းထူထောင်ရန် လိုအပ်သည့် ငွေကျပ် ၁၀ သိန်းနှင့် ညီမျှသော ဒေသဖွံ့ဖြိုးရေးသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်စိုးက မိမိကိုယ်တိုင်နှင့် ရပ်ရွာအတွက် အသေးစားလုပ်ငန်းများ ထူထောင်နိုင်သည်အထိ စွမ်းဆောင်နိုင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒိုက်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဒိုက်ဦး အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာ ကွင်းအမှတ် (၃၁၄/ခ) ချိုလှကွင်း ဦးပိုင်အမှတ်(၂၃/၁) တောင်သူဦးမောင်စိုး စိုက်ပျိုးထားသည့် ဆင်းသုခ စပါးမျိုးသန့်စိုက်ခင်းအား မြို့နယ်ကိုယ်စားပြု မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ယနေ့ပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများတက်ရောက်ကြပြီး ဆင်းသုခစပါးမျိုးသန့် စိုက်ခင်းအား မိုးစပါးစံကွက်ရိတ်သိမ်းရာအစို ၁၂၀ ဒသမ၂၅ တင်း၊ အခြောက် ၁၀၈ ဒသမ၂၃ တင်းထွက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပညာသင်သွားရောက်မည့် ဝန်ထမ်းများနှင့်တွေ့ဆုံ




**နေပြည်တော် အောက်တိုဘာ ၁၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပညာတော်သင် သွားရောက်မည့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) မှ နည်းပြဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

**ပြန်လည်လေ့ကျင့်သင်ကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပြည်တွင်းထုတ်ကုန်များအား အရည်အသွေးပြည့်မီအောင် ထုတ်လုပ်ရန်၊ သွင်းကုန်အစားထိုး လုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်အားပေး ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ဈေးကွက်မရရှိလျှင် စီးပွားရေးလုပ်ငန်းများသည် ရေရှည်ရပ်တည်ရန် ခက်ခဲမည်ဖြစ်ကြောင်း ထုတ်လုပ်သည့် ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်အတွက် စက်ပစ္စည်းများကို ကိုင်တွယ်မောင်းနှင်သည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြင့်မားတိုးတက်နေရန် လိုအပ်သဖြင့် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနေသည့် နည်းပြဆရာ ဆရာမများ၏ အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတများ မြှင့်တင်ပေးရန်အတွက် ယခုကဲ့သို့ ပညာတော်သင်စေလွှတ်ခြင်းဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးသည့် ဘာသာရပ်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အပတ်တကုတ် လေ့လာကြိုးစားသင်ယူပြီး ပြန်လည်ရောက်ရှိပါက သင်ကြားခဲ့သည့် ဘာသာရပ်များကို ဆင့်ပွားသင်တန်းများပြုလုပ်၍ ပြန်လည်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

သင်တန်း၌ ဘာသာရပ်တစ်ခုလျှင် နည်းပြသုံးဦးစီဖြင့် စုစုပေါင်း ဘာသာရပ် ခြောက်မျိုးဖြစ်သည့် Mechine Tool Operator၊ CNC Operator၊ Welder၊ Electrician၊ Automobile and Tractor Mechanics နှင့် Air Conditioning and Refrigerator တို့အတွက် စုစုပေါင်းနည်းပြ ၁၈ ဦးက ဘာသာရပ်အလိုက် စာတွေ့ လက်တွေ့ သင်ခန်းစာများကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကျုံကျန်း အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာကောလိပ်၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ သုံးလကြာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၃**

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသ ပေးထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိတပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိနယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော် ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ငြိမ်းချမ်းရေးလမ်း

❖ သံကိုသံဖျက်
သံချေးတက်သည်
ပျက်မှုရင်းခံ
မျိုးတူသံတည့်။
❖ မျိုးတူချင်းဖျက်
ဟသ်ာပျက်သည်
ကြောက်မက်ဖွယ်ရာ
သင်ခန်းစာတည့်။
❖ ဩော်- တိုင်းရင်းသားချင်း
အမြင်ရှင်း၍
ချစ်ခြင်း အစွန့်ရှည်ပါစေ။ ။

ကို(တက္ကသိုလ်)

(တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုလျက်)

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၄ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၀ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၀ ပါတီအနက် ဦးမြင့်သန်း ခေါင်းဆောင်သည့် လေဘာပါတီ(Labour Party)က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ၁၀ ပါတီ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အနက် ပါတီခုနစ်ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဒဂုံတက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဟောပြောပွဲကို တက္ကသိုလ်ရှိဘွဲ့နှင်းသဘင်ခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမောင်ကျော်က "Learning Skills We Need ; Enhancing Life Skills in Daily Life" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာနှင်းနှင်းသန်းက ဟောပြောပေးသော ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာမောင်ကျော်အား ဂုဏ်ပြုအမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားနှင့် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနေ့ အခမ်းအနားများသို့ တက်ရောက်

**ဟွာလောင်း အောက်တိုဘာ ၁၃**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၁) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Disaster Management–AMMDM)နှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟွာလောင်းမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အခမ်းအနားနှင့်အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနေ့ (ASEAN Day on Disaster Management) အခမ်းအနားများသို့ တက်ရောက်သည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အထိမ်းအမှတ် အခမ်းအနားကျင်းပရာ ဟွာလောင်းမြို့ရှိ Bai Chay အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းမှု အနှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် အာဆီယံဒေသအတွင်း သဘာဝဘေးမကျရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းဗီဒီယိုနှင့် ဗီယက်နမ်နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုများပြသမှုကို လေ့လာကြည့်ရှုအားပေးသည်။



**တက်ရောက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနေ့ အထိမ်းအမှတ်အဖြစ်ပြုလုပ်သော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အင်္ဂလိပ်စကားပြောစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းနေရာတစ်ခုဖြစ်သော ယူနက်စကို (UNESCO)၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟွာလောင်းပင်လယ်အော်သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ငမိုးရိပ်ရေထိန်းတံခါးကြွခိုင်မှုအခြေအနေနှင့် စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)တွင် ရေဝင်ရောက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး စစ်ပင်တောင်ကွေ့ရှိ ငမိုးရိပ်ရေထိန်းတံခါးသို့သွားရောက်၍ ရေထိန်းတံခါးပေါက်များမှ ရေပြန်ထုတ်ထားမှုနှင့် ရေထိန်းတံခါးအနီး အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ မီးသတ်ဦးစီးဌာနမှ စက်တပ်လှေငယ်များဖြင့် ငမိုးရိပ်ချောင်းတစ်လျှောက် ချောင်းရေစီးဆင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၍ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ရေများပြန်လည်ကျဆင်းရာတွင် ရေထိန်းတံခါးအနီး ပိတ်ဆို့နေသည့် အမှိုက်များအား အမြန်ဆုံးရှင်းလင်းရန်၊ အမှိုက်များနှင့်အတူ သဲနုန်းများကို နုန်းဖျော်စက်ဖြင့် ရှင်းလင်းဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့သွားရောက်ပြီး ဆေးရုံဝင်းအတွင်း ရေဝင်ရောက်မှု၊ ဆေးရုံထရန်စဖော်မာ ဘေးပတ်လည် ရေဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်နေမှု၊ စိတ်ကျန်းမာရေးဆေးရုံကြီး မီးဖိုနှင့် ရိက္ခာဆောင်အတွင်း ရေဝင်နေမှုနှင့် ဆန်ရိက္ခာများ သိုလှောင်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ ဆေးရုံအတွင်း ရေဝင်ရောက်မှုမရှိစေရန် သဲအိတ်များ စနစ်တကျချထားရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းကလည်း ငမိုးရိပ်ရေထိန်းတံခါးကြွခိုင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရေလမ်းကြောင်းပိတ်ဆို့မှုမရှိစေရန် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ် ငမိုးရိပ်ဆည်ရေထိန်းတံခါးအတွင်း အမှိုက်များပိတ်ဆို့မှုအား ရှင်းလင်းဖယ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငမိုးရိပ်ချောင်းရေမြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး ငမိုးရိပ်ဆည်ရေထိန်းတံခါးအတွင်း အမှိုက်များပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ပိတ်ဆို့လျက်ရှိသော အမှိုက်များအား ရှင်းလင်းဖယ်ရှားပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆည်အတွင်းရေဝင်ရောက်မှုနှင့် ရေထိန်းတံခါးကြွခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ လှည်းကူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကြာအင်းကျေးရွာရှိ ဇေတဝန်ကျောင်းတိုက်၊ ကြို့ကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းနှင့် ကမ်းနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းများအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် အင်းတိုင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်း/ အပြင်ရှိ တင်ကျန်ခဲ့သော နုန်းများနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ခုံများအား ပြန်လည်နေရာချထားပေးခြင်းနှင့် လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



✻ ကျောဖုံးမှ

အုပ်စုပထမ၊ တောင်ကိုရီးယားအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(F)၌ တာဂျစ်ကစ္စတန်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (F)၌ ကူဝိတ်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဘာရိန်းအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (G)၌ ဥဇဘက်ကစ္စတန်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အီရတ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (H)၌ ဂျပန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ဩစတြေးလျအသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**အကောင်းဆုံးခုနစ်သင်း ခြေစစ်ပွဲအောင်**

ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးခုနစ်သင်း ခြေစစ်ပွဲအောင်မြင်ခြင်းဖြစ်ပြီး အုပ်စု (A) တွင် နှစ်သင်းသာရှိသဖြင့် အုပ်စုပထမနေရာရ တရုတ်အသင်း ခြေစစ်ပွဲအောင်မြင်ပြီး ကျန်အုပ်စုခုနစ်ခုမှ ဒုတိယနေရာရအသင်းများ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ပါလက်စတိုင်းအသင်းကို နှစ်ဂိုး –တစ်ဂိုး၊ အိန္ဒိယအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရကာ တာဂျစ်ကစ္စတန်အသင်းကို သုံးဂိုးပြတ်အရေးနိမ့်ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**သတင်း–ကိုညီလေး ဓာတ်ပုံ–MFF**

# သဘာဝကုန်ကြမ်းပစ္စည်းများဖြင့် အဓိကအသုံးပြုထုတ်လုပ်ထားသည့် မြတ်ကေရီ ဆံသားထိန်းသိမ်းမှု အသေးစားထုတ်ကုန်လုပ်ငန်း

**တွေ့ဆုံမေးမြန်း- ဒေါ်လှလှဌေး၊ လက်ထောက်ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သထုံခရိုင်**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးက အရေးပါလှသည့် အခန်းကဏ္ဍ၌ ပါဝင်နေပါသည်။

မြန်မာနိုင်ငံ၌လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်ချမှတ်ပြီး တွန်းအားပေး ထောက်ပံ့ကူညီမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ MSME လုပ်ငန်းများသည် မတူညီသည့် အတွေးအခေါ်များ ဆန်းသစ်တီထွင်မှုများနှင့်အတူ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးမြင့်မားအောင် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများကိုပါ ဖန်တီးပေးလျက်ရှိသည်။

ပြည်တွင်း၌ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများပင် ဖြစ်ပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍမှာလည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အများဆုံးပါဝင်နေသည်။

မွန်ပြည်နယ်အတွင်း အလားအလာကောင်းသည့် ဒေသထွက်ကုန်ကြမ်းများထုတ်လုပ်ခြင်းနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တစိုက်မတ်မတ် အားပေးလျက်ရှိပြီး တီထွင်ဆန်းသစ်မှုနှင့် အရည်အသွေးမြင့်ထုတ်ကုန်များအား ဈေးကွက်အတွင်း ယှဉ်ပြိုင်ထိုးဖောက်နိုင်မှုဖြင့် အလားအလာကောင်းများ ပေါ်ထွန်းလာစေရေး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်ဖြစ်မြောက်ရေးတို့ကိုလည်း ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအနက် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ၌ရှိသည့် မြတ်ကေရီဆံသားထိန်းသိမ်းမှု အသေးစားထုတ်ကုန်လုပ်ငန်းမှာ သဘာဝကုန်ကြမ်းပစ္စည်းစစ်စစ်များကို အဓိကအသုံးပြုပြီး ထုတ်လုပ်ထားခြင်းကြောင့် ဈေးကွက်ဝင်ပြီး လူကြိုက်များသည့် ထုတ်ကုန်တစ်ခုလည်းဖြစ်ရာ လုပ်ငန်းတည်ထောင်သူတစ်ဦးဖြစ်သည့် မစန်းချိုနွဲ့အား သွားရောက်တွေ့ဆုံ မေးမြန်းမှုကို ပြန်လည်မျှဝေလိုက်ပါသည်။

**မေး ။ ။ ဒီလုပ်ငန်းစတင်ဖြစ်ခဲ့ပုံကို ရှင်းပြပေးပါဦးရှင်။**

ဖြေ ။ ။ လုပ်ငန်းစဖို့အတွက် ၂၀၁၉ ခုနှစ်မှာ သင်တန်းတွေတက်တယ်။ ၂၀၂၀ ပြည့်နှစ်လောက်မှာ စမ်းပြီးထုတ်တယ်။ ပထမဆုံး ထုတ်တာက တရော်ကင်ပွန်းခေါင်းလျှော်ရည်၊ မိတ်ဆွေတွေကို စမ်းပြီး ပေးသုံးကြည့်တယ်။ သူတို့ကြိုက်တယ်ဆိုတော့ ဈေးကွက်တင်ဖို့ကြိုးစားရတယ်။ အရင်ဆုံး အသေးစားစက်မှုလုပ်ငန်းမှာ မှတ်ပုံတင်တယ်။ ပစ္စည်းနမူနာကို ခာတ်ခွဲစမ်းသပ်တာလုပ်တော့ အဆင်ပြေတယ်။ မှတ်ပုံတင်ကျပြီဆိုတော့ ပစ္စည်းကို ဈေးကွက်ပို့ပါတယ်။

**မေး ။ ။ လုပ်ငန်းလုပ်နေတဲ့အချိန်မှာ ဘယ်လိုအခက်အခဲတွေ တွေ့ကြုံခဲ့ရပြီး ဘယ်လိုကြိုးစားခဲ့ရတာကိုလည်း မျှဝေပေးပါဦးရှင်။**

ဖြေ ။ ။ ပထမဆုံး တရော်ကင်ပွန်းခေါင်းလျှော်ရည်တစ်မျိုးတည်းကိုပဲ ထုတ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ လုပ်ငန်းကို အရှိန်ကောင်းကောင်းလုပ်နေဆဲမှာပဲ ကိုဗစ်ကာလဖြစ်တာကြောင့် နှောင့်နှေးမှုဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ စိတ်ဓာတ်မကျဘဲ ထုတ်ကုန်တွေကိုထပ်တိုးလုပ်ဖို့ အားစိုက်ခဲ့တယ်။ ကျွန်မတို့အမျိုးသမီးတွေက ဆံသားအမျိုးမျိုးရှိတာကြောင့် အဆင်ပြေနိုင်မယ့်ဟာကို စဉ်းစားတဲ့အခါမှာ နောက်ထပ်ခေါင်းလျှော်ရည်နှစ်မျိုး ထပ်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒါတွေကတော့ အောင်မဲညိုခေါင်းလျှော်ရည်နဲ့ ရှားစောင်းလက်ပပ်ခေါင်းလျှော်ရည်တို့ဖြစ်ပါတယ်။

ထုတ်ကုန်အားလုံးကို သဘာဝကုန်ကြမ်းစစ်စစ်တွေကိုပဲ အခြေခံထားတယ်။ တရော်ကင်ပွန်းဆိုရင် တရော်ခေါက်နဲ့ ကင်ပွန်းသီးကအဓိက၊ အောင်မဲညိုဆိုလည်း အောင်မဲညိုက အဓိကဖြစ်ပြီး ရှားစောင်းလက်ပပ်ဆိုရင်လည်း ရှားစောင်းလက်ပပ်ကို အဓိကအသုံးပြုထားပါတယ်။ အခြားပါဝင်ပစ္စည်းတွေကလည်း လက်လှမ်းတမီ အလွယ်တကူရနိုင်တဲ့ သဘာဝအသီးအရွက်အမြစ်တွေကို သုံးထားပါတယ်။ ဆံသားကောင်းစေဖို့အတွက် တမာရွက်၊ ကြိတ်မှန်ရွက်၊ ထောလပတ်ရွက်တို့လို စတာတွေကို ထည့်သွင်းအသုံးပြုထားပါတယ်။

**မေး ။ ။ ထုတ်ကုန်တွေရဲ့ အားနည်းချက်နဲ့ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်ဆောင်ရွက်ခဲ့တဲ့ အခြေအနေကိုလည်း ရှင်းပြပေးပါဦးရှင်။**

ဖြေ ။ ။ အရင်ကတော့ သဘာဝကုန်ကြမ်းပစ္စည်းအားလုံးကို ပြုတ်ရည်လုပ်ပြီး သုံးတယ်။ ဒီပြုတ်ရည်ရဲ့အားနည်းချက်က အရောင်ပြောင်းတာ၊ အနံ့ပြောင်းတာတွေရှိလာတယ်။ ဒီလိုမဖြစ်အောင် နိုင်ငံတကာမှာသုံးနေတာတွေကိုလေ့လာတယ်။ သင်တန်းတွေ ထပ်ပြီးတက်တယ်၊ အဲဒီအခါကျတော့ ပေါင်းခံစနစ်နဲ့သွားတာက အာနိသင်မပျက်ဘဲ အရည်အသွေးအကောင်းဆုံးကို ရတယ်ဆိုတာ သိလာတာကြောင့် အခုဆိုရင် ထုတ်ကုန်တွေကို ပေါင်းခံရည်စနစ်နဲ့ပဲ ထုတ်လုပ်ပါတယ်။

**မေး ။ ။ လက်ရှိအချိန်မှာ ထုတ်ကုန်အမျိုးအစားဘယ်လောက်ထုတ်လုပ်နေပြီးတော့ ဈေးကွက်အခြေအနေကိုလည်း ရှင်းပြပေးပါဦးရှင်။**

ဖြေ ။ ။ အခုဆိုရင် အမျိုးသမီးတွေရဲ့ ဆံကေသာထိန်းသိမ်းမှုနဲ့ ပတ်သက်တဲ့ ထုတ်ကုန်ခြောက်မျိုးကို ထုတ်ပါတယ်။ တရော်ကင်ပွန်း၊ ရှားစောင်းလက်ပပ်၊ အောင်မဲညိုခေါင်းလျှော်ရည် သုံးမျိုးနဲ့ Hair Growth Oil၊ Hair Treatment Mask၊ Hair Coat ဆိုပြီးတော့ပေါ့။ ဈေးကွက်ကတော့ ဒီမြို့မှာဆိုရင် ဒီမှာရှိတဲ့ မီနီမားကတ်နဲ့ စတိုးဆိုင်တွေမှာ တင်ပါတယ်။ ဒီနေ့ခေတ်က အွန်လိုင်းခေတ်ဖြစ်တာကြောင့် ကျွန်မကိုယ်တိုင်လည်း အွန်လိုင်းမှာ Page ဖွင့်ပြီးရောင်းသလို ရန်ကုန်မှာရှိတဲ့ City Mall လို အွန်လိုင်း Market တွေ Website မှာလည်း တင်ပြီးရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကတော့ အဓိကပါပဲ။

**မေး ။ ။ ထုတ်ကုန်တွေကို အခုလို တရားဝင်မှတ်ပုံတင်ခြင်းကြောင့် ရရှိခံစားရတဲ့ အခွင့်အရေးတွေကိုလည်း ရှင်းပြပေးပါဦးရှင်။**

ဖြေ ။ ။ အခုဆိုရင် ထုတ်ကုန်အားလုံးကို တရားဝင်မှတ်ပုံတင်ပြီး ထုတ်လုပ်ခွင့်လိုင်စင် ရရှိထားပြီးပါပြီ။ ဒီလိုရထားပြီးတဲ့အတွက်ကြောင့် MSME ဈေးရောင်းပွဲတော်တွေမှာ ဖိတ်ခေါ်ခြင်းခံရတယ်။ ဈေးရောင်းပွဲတော်ရဲ့ ဆိုင်ခန်းတွေမှာ အခွန်လွတ်ဈေးရောင်းရတယ်။ ဒီလိုအခွင့်အရေးတွေရသလို အခြားအွန်လိုင်းစနစ်နဲ့သွားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအချင်းချင်း Group တွေ ဖွဲ့ပြီးတော့ ကိုယ့်ရဲ့ထုတ်ကုန်တွေကို ပြည်တွင်းနဲ့ နိုင်ငံတကာကို ထိုးဖောက်နိုင်မယ့် နည်းလမ်းတွေကို မကြာမကြာ Zoom Meeting နဲ့ သင်တန်းလုပ်ပေးတာတို့ ဒီလိုအခွင့်အရေးတွေရပါတယ်။



**မေး ။ ။ မြတ်ကေရီ ဆံသားထိန်းသိမ်းမှု ထုတ်ကုန်လုပ်ငန်းဟာဆိုရင် လက်ရှိအချိန်မှာတော့ ထိုက်သင့်တဲ့ အောင်မြင်မှုနဲ့အတူ အကျိုးခံစားခွင့်တွေကိုလည်း ရရှိနေပြီလို့သိရပါတယ်။ အလားတူ ဒီလိုမိသားစု တစ်နိုင်တစ်ပိုင်ကနေ အသေးစားလုပ်ငန်းရှင်ဖြစ်လိုသူတွေအတွက် ဘယ်လိုတိုက်တွန်းအားပေးစကားတွေ မျှဝေပေးချင်ပါသလဲ။**

ဖြေ ။ ။ ဒီလိုလုပ်ငန်းသေးလေးတွေက မိသားစုတစ်နိုင်တစ်ပိုင် လုပ်နိုင်ပါတယ်။ အဓိကက လုပ်ချင်စိတ်ရှိဖို့ပဲလိုတယ်။ လုပ်ချင်တယ်ဆိုရင် ကျွမ်းကျင်မှုရှိဖို့ သင်တန်းတွေတက်ပါ၊ လေ့လာပါ။ ဒီနေ့ခေတ်က အွန်လိုင်းခေတ်ဖြစ်တာကြောင့် လေ့လာစရာတွေများပါတယ်။ ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် အရှုံးနဲ့အမြတ်ဆိုတာရှိပါတယ်။ အခက်အခဲတွေကိုကျော်နိုင်မှ အောင်မြင်မှုရမှာပါ။ နောက်ပြီး ထုတ်လုပ်ခွင့်လိုင်စင်လုပ်ဖို့အတွက်လည်း မကြောက်ကြပါနဲ့။ ကျွန်မကိုယ်တွေ့အရလည်း သက်ဆိုင်ရာတွေက အမြဲတမ်းကြိုဆိုကြတယ်၊ ကူညီကြတယ်။ နောက်ဆုံးပြောချင်တာကတော့ အလုပ်ကို လုပ်ကြည့်ပါ မခက်ခဲပါဘူး စဖို့ပဲလိုတယ်လို့ စကားလက်ဆောင်ပါးချင်ပါတယ်။

မြတ်ကေရီ ဆံသားထိန်းသိမ်းမှု ထုတ်ကုန်လုပ်ငန်းသည် လုပ်ငန်းစတင်ခဲ့သည့်ကာလမှ ယနေ့အချိန်အထိ လေးနှစ်တာကာလခန့်ကြာမြင့်ခဲ့ပြီးဖြစ်သည်။ စတင်လုပ်ကိုင်ခဲ့ချိန်က ထုတ်ကုန်တစ်မျိုးတည်းကိုသာ ထုတ်လုပ်နိုင်ခဲ့သော်လည်း မလျှော့သောဇွဲဖြင့် အမျိုးမျိုးသောအခက်အခဲစိန်ခေါ်မှုတို့ကို ရင်ဆိုင်ကျော်ဖြတ်ကာ လက်ရှိအချိန်၌ ထုတ်ကုန်ခြောက်မျိုးကို ဈေးကွက်ချဲ့ထွင် ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ မိသားစု တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေသော်လည်း ဆန်းသစ်သောစိတ်ကူးများဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှ ထိုက်တန်သည့် အကျိုးအမြတ်များရရှိနေပြီဖြစ်သော်လည်း လုပ်ငန်းချဲ့ထွင်နိုင်ပြီး နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်နေသူဖြစ်ပြီး ၎င်းကဲ့သို့ လုပ်ချင်စိတ်ရှိသူ၊ ရည်မှန်းချက်တူသူ၊ ကြိုးစားလိုသူတို့ကိုလည်း အစဉ်တစိုက် အားပေးကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ။





# ပိဋကတ်သုံးပုံ အဋ္ဌကထာကျမ်းများ ဆဋ္ဌမူမပျက်ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယက ကျောင်းသို့ သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက်၏ ပဓာနနာယက ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ ဒုတိယအဖွဲ့ခွဲ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ပိဋကတ်သုံးပုံအဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်နှင့် ဋီကာ ၁၈ အုပ်တို့ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူမပျက် ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်)ရုံးခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပိဋကတ်သုံးပုံ အဋ္ဌကထာ ၅၁ အုပ်အား ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူမပျက်ပုံနှိပ်ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ယခင်က ခဲစာလုံးစာစီမှုဖြင့် ဆောင်ရွက်ခဲ့သည့် ပိဋကတ်သုံးပုံ အဋ္ဌကထာအုပ်များသည် နာဂစ်မုန်တိုင်းကာလအတွင်း ဖလင်များ ပျက်စီး၍ ထပ်မံရိုက်နှိပ်နိုင်ခြင်းမရှိသည်မှာ ကြာပြီဖြစ်သည့်အတွက် ယခုအခါ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ခွင့်ပြုဩဝါဒ ပေးချက်နှင့်အညီ ဆဋ္ဌသင်္ဂါယနာ တင်ခဲ့သည့်မူအတိုင်း ပုံနှိပ်ထုတ်ဝေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် အမှားအယွင်းကင်းစွာဖြင့် ပြင်ဆင်တည်းဖြတ်ခြင်းများကို ပရိယတ္တိစာသင်တိုက်ကြီးများမှ သံဃာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)မှ ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ ဆရာတော်များအား လျှောက်ထား၍ ကြီးကြပ်မှု ခံယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၂ရက်က ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် Pagoda Digital Directory ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တန်ခိုးကြီးဘုရား ကိုးဆူအတွက် Software ရေးဆွဲထားသည့် Website တွင် Digital Directory အချက်အလက်များ ဖြည့်သွင်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ထားဝယ်)သို့ ရောက်ရှိပြီး သင်တန်းကျောင်းရှိ အုပ်ချုပ်မှုရုံး၊ စားရိပ်သာ၊ ကျောင်းသားနှစ်ထပ် အိပ်ဆောင်၊ ခြောက်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ





ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ လေးခန်းတွဲနှင့် နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာများ၊ ကော့သောင်းမြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျေးရွာ ကျွန်းပတ်လမ်း ၁၄ မိုင်ဖောက်လုပ်ပြီးစီးမှုနှင့် အဆိုပါလမ်းပေါ်တွင် ပေ ၆၀ နှင့် ပေ ၇၀ ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်မည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက်တွင် ဇာဒက်ကြီးကျွန်း အရှေ့ဘက်ခြမ်း ကျွန်းပတ်လမ်း မြေသားလမ်း ၂၆ မိုင် ၁ ဖာလုံ ဖောက်လုပ်နေမှု Box Culvert ၂၆ စင်း တည်ဆောက်နေမှု၊ ပေ ၁၀၀ ၊ ပေ ၈၀ ၊ ပေ ၅၀ ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်မည့် နေရာများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသော ၂၀ မိုင် ၁ ဖာလုံ အနက် ၁၀ မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နယ် မရမ်းတောင်(အထက်)ကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေသော နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် အဖွဲ့သည် ယနေ့တွင် သစ်တွန်ကျေးရွာအုပ်စု မရမ်းတောင်(အထက်)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လေးအိမ်စုကျေးရွာနှင့် မရမ်းတောင် (အထက်) ကျေးရွာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အခြားလိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် မရမ်းတောင်(အထက်)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် စာပေကြိုးစားသင်ယူပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည့် လူတော်လူကောင်းများဖြစ်စေရန် ကြိုးစားပေးစေလိုကြောင်း မှာကြားကာ ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မရမ်းတောင်(အထက်)ကျေးရွာရှိ ဓမ္မသပ္ပတိဝိဟာရကျောင်းတိုက်၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူလူထုတို့နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ထို့ပြင် တောင်ပေါ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် ယင်းကဏ္ဍကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်လည်း ဒေသ၏ အဓိကလိုအပ်ချက်များကို ပွင့်လင်းစွာ တင်ပြကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိပြီး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် သစ်တွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့်အဖွဲ့အနေဖြင့် သစ်တွန်ကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာများအရောက် သွားရောက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မရမ်းတောင်(အထက်) ကျေးရွာ ဓမ္မသပ္ပတိဝိဟာရကျောင်းတိုက် ဆရာတော် ဦးပညာသီရိအား ပူဇော်ကန်တော့၍ လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်း၊ နေပြည်တော်ကုသရေးဦးစီးဌာနမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မရမ်းတောင်(အထက်)ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခများလျှော့ကျစေရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အာရပ်ငါးနိုင်ငံသို့ သွားရောက်မည်

ဝါရှင်တန် အောက်တိုဘာ ၁၃

အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခများလျှော့ကျစေရန် အာရပ်ငါးနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်က ဆိုသည်။

ဘလင်ကန်က အစ္စရေးနိုင်ငံသို့ အောက်တိုဘာ ၁၂ ရက်တွင် ရောက်ရှိခဲ့ပြီး ဂျော်ဒန်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့သို့ အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျော်ဒန်နိုင်ငံ၌ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်းလည်း ၎င်းက ပြောကြားသည်။

ပဋိပက္ခ မပြန့်ပွားစေရန်အတွက် အာရပ်ခေါင်းဆောင်များကို တိုက်တွန်းမည်ဖြစ်ပြီး ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးအတွက် အာရပ်ခေါင်းဆောင်များ၏



ပူးပေါင်းပါဝင်မှုကို ရယူသွားမည်ဖြစ်ကြောင်း ဘလင်ကန်က ဆိုသည်။

ဟားမတ်စ်စစ်သွေးကြွအဖွဲ့က အစ္စရေးနိုင်ငံကို ကြီးမားသော တိုက်ခိုက်မှုများ မည်သို့လုပ်ဆောင်လျက်ရှိသလဲဆိုသည့် မေးမြန်းမှုအပေါ် ဘလင်ကန်က တိကျသေချာသည့်အဖြေကို မပေးနိုင်ကြောင်း ပြောကြားခဲ့သည်။ သို့သော် အမေရိကန်သည် အစ္စရေးနှင့် ဆော်ဒီအာရေဗျတို့ကြား ဆက်ဆံရေးပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ပံ့ပိုးကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အလားတူ အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်သည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီး Yoav Gallant တို့အား သွားရောက်တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## အစ္စရေးနိုင်ငံရှိ ဂျပန်နိုင်ငံသားများကို ကယ်ထုတ်ရန် ဂျပန်အစိုးရ စီစဉ်

တိုကျို အောက်တိုဘာ ၁၃

ဂျပန်အစိုးရက အစ္စရေးနှင့် ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့ ဟားမတ်စ်တို့အကြား ပဋိပက္ခများ ပြင်းထန်နေချိန်တွင် အစ္စရေးနိုင်ငံရှိဂျပန်နိုင်ငံသားများကို ကယ်ထုတ်ရန်အတွက် စင်းလုံးငှားလေယာဉ်တစ်စင်း စီစဉ်မည်ဟု ဂျပန်ထိပ်တန်းအစိုးရ ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားသည်။

တင်းမာမှုများ မြင့်တက်နေချိန်တွင် အမေရိကန်နှင့် အခြားနိုင်ငံများကလည်း ၎င်းတို့၏ နိုင်ငံသားများကို နေရပ်ပြန်ပို့ရေး အစီအစဉ်များကို စီစဉ်လျက်ရှိသည်။

အောက်တိုဘာ ၁၄ ရက်တွင် အစ္စရေးနိုင်ငံ Tel Aviv မြို့မှ ယူအေအီးနိုင်ငံ ဒူဘိုင်းသို့ ဦးတည်ပျံသန်းမည့် စင်းလုံးငှားလေယာဉ်ကို ဂျပန်အစိုးရက စီစဉ်ပေးမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ် မတ်ဆူနိုဟီရိုကာဇူးက ပြောကြားသည်။

အစ္စရေးနိုင်ငံ၏ လက်ရှိအခြေအနေသည် စိုးရိမ်စရာကောင်းသည့်အတွက် ဂျပန်အစိုးရက ဂျပန်နိုင်ငံသားများကို အမြန်ဆုံးထွက်ခွာရန် တိုက်တွန်းလျက်ရှိကြောင်း မတ်ဆူနိုဟီရိုကာဇူးက ဆိုသည်။

ဂျပန်အစိုးရသည် သက်ဆိုင်ရာနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဂျပန်နိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့လေယာဉ်များ စေလွှတ်နိုင်ခြေနှင့်ပတ်သက်၍ အစိုးရအနေဖြင့် အခြေအနေများကို စောင့်ကြည့်လျက်ရှိပြီး သင့်လျော်သောအစီအမံများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မတ်ဆူနိုဟီရိုကာဇူးက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးက ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဓားစာခံများ သေဆုံး

ဂျေရုဆလင် အောက်တိုဘာ ၁၃

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များက ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသည့်ဓားစာခံ ၁၃ ဦး သေဆုံးခဲ့ကြောင်း ဟားမတ်စ်စစ်သွေးကြွ အဖွဲ့၏လက်အောက်ခံ အယ်လ်ကွာဇန်တပ်ဖွဲ့က အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။ ဂါဇာစီးတီးနှင့် ဂါဇာမြောက်ပိုင်းဒေသတွင် အစ္စရေးတပ်ဖွဲ့က တိုက်ခိုက်မှုများ အရှိန်မြှင့်ဆောင်ရွက်ခဲ့ပြီးနောက် ဖမ်းဆီးထားသည့် ဓားစာခံများ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်က အစ္စရေးနိုင်ငံ၌ ကျင်းပသည့် ဂီတပွဲတော်အတွင်း ဟားမတ်စ်စစ်သွေးကြွအဖွဲ့က ဝင်ရောက်တိုက်ခိုက်ပြီး အစ္စရေးနိုင်ငံသားများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ အစ္စရေးတပ်ဖွဲ့က အောက်တိုဘာ ၁၂ ရက်တွင် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့၏ပစ်မှတ်များကို တိုက်ခိုက်ခဲ့ရာ မြေအောက်လိုဏ်ခေါင်းများနှင့် ဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ ထိမှန်ခဲ့သည်။

အစ္စရေးနိုင်ငံတွင် ဟားမတ်စ်စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုကြောင့် ထိုင်းရွှေ့ပြောင်းအလုပ်သမား အနည်းဆုံး ၂၀ သေဆုံးပြီး အများအပြားပျောက်ဆုံးနေကြောင်း သိရသည်။ လက်ရှိတွင် ထိုင်းနိုင်ငံသား ၆၀၀၀ ခန့်မှာ အစ္စရေးနိုင်ငံမှ ထိုင်းနိုင်ငံသို့ပြန်လာရေးအတွက် ဆောင်ရွက်နေကြကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ စီဂျီတီအင်န်၊ ဘာသာပြန် – စိုးသူရ

## ပါလက်စတိုင်းနိုင်ငံသားများအား ဂါဇာစီးတီးမှ ရွှေ့ပြောင်းထွက်ခွာရန် အစ္စရေးတပ်ဖွဲ့ သတိပေးပြောကြား

ဂျေရုဆလင် အောက်တိုဘာ ၁၃

ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာစီးတီးတွင် နေထိုင်သူများကို ၎င်းကမ်းမြောင်ဒေသ တောင်ဘက်ခြမ်းသို့ ရွှေ့ပြောင်းရန် အစ္စရေးတပ်ဖွဲ့က အောက်တိုဘာ ၁၃ ရက်တွင် ညွှန်ကြားခဲ့သည်။

အရပ်သား အားလုံးကို ဘေးလွတ်ရာကို ရွှေ့ပြောင်းပေးရန် တောင်းဆိုကြောင်း အစ္စရေးတပ်ဖွဲ့က အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ပြောကြားသည်။

ဟားမတ်စ် စစ်သွေးကြွများသည် မြို့တွင်းရှိ မြေအောက်ဥမင်များကို အသုံးပြု၍ ပုန်းအောင်းနေကြသည်ဟု အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

ဟားမတ်စ်နှင့် အစ္စရေးတို့ကြား တိုက်ခိုက်မှုများအတွင်း အစ္စရေးသည် ဂါဇာကမ်းမြောင်ရှိ ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ယခုအချိန်အထိ ပါလက်စတိုင်း ၁၅၀၀ ကျော်နှင့် အစ္စရေး ၁၃၀၀ ကျော် သေဆုံးခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၅ | ၂၀၄၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၀၀ | ၂၁၂၅ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၅ | ၂၉၅၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၀ | ၂၂၀၅ | ၂၂၂၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၀၅၀ |
| HSD (500 ppm) | ၂၁၉၀ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၆၀ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၀ | ၂၆၃၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၄ | ၁၉၄၅ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (50 ppm) | ၂၁၉၄ | ၂၂၆၇ |
| HSD (10 ppm) | ၂၂၀၀ | ၂၂၇၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၈၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၃-၁၀-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၂-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၃-၁၀-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၈၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ၏။

# KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပေါ်သို့ Drop ဗုံးများ ပစ်ချခဲ့မှုကြောင့် ကျောင်းသူတစ်ဦးသေဆုံးပြီး သုံးဦး ဗုံးစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျောင်းသား ကျောင်းသူများ နှစ်ဝက်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာစဉ် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ ရက်စက်ယုတ်မာစွာ Drone များအသုံးပြု၍ ဗုံးသီးများပစ်ချမှုကြောင့် ကျောင်းသူ တစ်ဦးသေဆုံးခဲ့ပြီး ကျောင်းသူ သုံးဦးတို့တွင် ဗုံးစထိမှန် ဒဏ်ရာများ(စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။




KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Drop ဗုံးများ အသုံးပြု၍ ပစ်ချမှုကြောင့် ကျောင်းသူတစ်ဦးသေဆုံးပြီး သုံးဦး ဗုံးစထိမှန်ဒဏ်ရာရ နေရာပြပုံ။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူ ကျောင်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

အကြမ်းဖက်သမားများသည် ကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများနှင့် စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများ၏ အသက်အန္တရာယ်ထိခိုက်စေရန်နှင့် ပညာသင်ကြားမှုကို ခြိမ်းခြောက်ဟန့်တားရန် ရည်ရွယ်၍ လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာ ကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မမိုးမိုးအေး (၁၂)နှစ်(သေဆုံး) (ဘ) ဦးမောင်အေး။



မနော်စုယဉ်အေး (၁၈)နှစ် (ဒဏ်ရာရ) (ဘ) ဦးမောင်အေး။

# အမျိုးသမီးများကို ဒူဘိုင်းမြို့သို့ ပို့ဆောင်ကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၃**

အမျိုးသမီးများကို ဒူဘိုင်းမြို့သို့ ပို့ဆောင်ကာ လုပ်အားခများ ခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် (၂၀) စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ဒုက္ခရောက်နေသော မ---၊၂၂/၂၂ နှစ် ပါ ခုနစ်ဦးကို ကယ်တင်ပေးရန် လူမှုကွန်ရက်စာမျက်နှာတွင် ရုပ်သံလွှင့်တင် အကူအညီတောင်းခံမှုနှင့် ပတ်သက်၍ ၎င်းတို့အား အိမ်အကူအလုပ်ရမည်ဟု စည်းရုံးပြီး ဒူဘိုင်းမြို့သို့ ပို့ဆောင်ကာ အခန်းအတွင်း ချုပ်နှောင်ပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နေ နော်သောစေး (ခ)မီးမီး၊ မြောက်ဥက္ကလာပမြို့နယ်နေ မေဖုန်း(ခ)ထက်ထက်(ခ) ကေသီမြင့်နှင့် လမ်းမတော်မြို့နယ်နေ ဆွေဆွေမြင့်(ခ) အသေးလေးတို့ကို တာမွေမြို့မရဲစခန်း(ပ) ၂၈၀/၂၀၂၂၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်၍ သဃ်္ဃန်းကျွန်းခရိုင် သီးသန့်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် တရားခံ နော်သောစေး (ခ)မီးမီး၊ မေဖုန်း(ခ)ထက်ထက် (ခ) ကေသီမြင့်နှင့် ဆွေဆွေမြင့်(ခ) အသေးလေး ၎င်းတို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ၂၀၂၃ မှ

အုပ်စု(E)မှာ တူနီးရှား၊ မာလီ၊ တောင်အာဖရိက၊ နမီးဘီးယား၊ အုပ်စု(F)မှာ မော်ရိုကို၊ ကွန်ဂို၊ ဇမ်ဘီယာ၊ တန်ဇန်းနီးယားတို့ စသဖြင့် အုပ်စုအဆင့်ထိပ်တိုက်တွေ့ဆုံမှုတွေ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ပုံမှန်အစီအစဉ်အရ ယခုနှစ် ဇွန်လနှင့် ဇူလိုင်လတို့မှာ ကျင်းပရမှာဖြစ်ပေမယ့် မိုးရာသီကာလကျင်းပခြင်းနဲ့ စပ်လျဉ်းပြီး စိုးရိမ်မှုတွေရှိနေခဲ့လို့ ၂၀၂၄ ခုနှစ်ကို ရွှေ့လိုက်ရတာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ကျင်းပမှာဖြစ်ပေမယ့် တရားဝင်ခေါင်းစဉ်အရ ၂၀၂၃ ခုနှစ် အာဖရိကဖလားပြိုင်ပွဲဟု သတ်မှတ်ခေါ်ဝေါ်ခြင်းလည်း ဖြစ်ပါတယ်။

အသင်းပေါင်း ၂၄ သင်းပါဝင်ယှဉ်ပြိုင်မယ့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို လာမယ့်နှစ် ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ ကျင်းပမှာဖြစ်ပြီး အုပ်စုအဆင့်ပထမနေရာနဲ့ ဒုတိယနေရာက အသင်းပေါင်း ၁၂ သင်းနဲ့ အုပ်စုအဆင့်အကောင်းဆုံးတတိယနေရာရရှိတဲ့ အသင်းလေးသင်းတို့ဟာ ရှုံးထွက်အဆင့် တက်လှမ်းခွင့်ရရှိမှာ ဖြစ်တယ်။

ဆာဒီယိုမာနေးဦးဆောင်လာမယ့် ဆီနီဂေါအသင်းဟာ ၂၀၂၁ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အီဂျစ်အသင်းကို အနိုင်ရရှိကာ အသင်းရဲ့သမိုင်းတစ်လျှောက် ပထမဆုံး အာဖရိကနိုင်ငံများဖလားကို ရရှိခဲ့တာဖြစ်ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၁၃)မှာ ရပ်တည်နေတဲ့ ကင်မရွန်းအသင်းကတော့ ၂၀၁၅ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားတာဖြစ်ပါတယ်။

**ငွေကြယ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၀-၂၀၂၃ စနေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၆:၃၀ | တိပိဋကပါဠိပါဠိရှုထွေးရာတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ထေရုပ္ပတ္တိမှတ်တမ်း(ပထမပိုင်း) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | လောကအလင်းဆောင် နေပြည်တော် ကုံကော်တစ်ထောင် |
| ၀၈:၃၅ | Gasifier စွမ်းပကားကုန်ထုတ်လုပ်မှု တိုးတက်မြင့်မား |
| ၀၉:၁၅ | နဝင်္ဂဥပေါ်သာထသီလခံယူဆောက်တည်ခြင်း |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၂:၃၅ | တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ ဝိရိယာနန္ဒမဟာကြားသော 'သင့်သဘော အတိုင်းပါပဲတရားတော်' |
| ၁၃:၃၀ | MRTV National News |
| ၁၅:၂၀ | မျိုးဝုဏ်တင့်စေဆိုကရေးတီးအငွေ |
| ၁၆:၃၅ | (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ 'ဇာတ်သဘင်ပြိုင်ပွဲ' အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် |
| ၁၇:၁၀ | ရသစုံစွာဤမြေကမ္ဘာ |
| ၁၇:၃၀ | ရတနာထိုက်စွာပယင်းရတနာ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) '**ဆုတောင်းပြည့်ကြယ်တာရာစတာလာ**' (အပိုင်း-၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) "**အဟုတ်မှတ်လို့**" |
| ၂၁:၃၀ | ဟိုးတုန်းကကာကီဆက်ဇာတ်လမ်းများ "**မောင့်ဘဝပန်းခရေ**" |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic: Thatta Htar Na (Sein Lei Lei) |
| 07:10 | Weekly Review |
| 07:27 | Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith |
| 07:45 | Myanmar Family Life: Good Neighbors |
| 08:01 | News |
| 08:27 | Traditional Chin Clothes |
| 08:33 | Ramayana Classic Talk & Discussion (Episode-1) |
| 09:01 | Quiz Time (Ep-50) |
| 09:54 | Dances of Myanmar: Enn Traditional Dance |
| 10:01 | News |
| 10:26 | Beasts of Asia (Laos) |

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ငါးရံ့နှပ်ကြော်ရိုးဟင်း

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ငှက်ပျောရွက်နဲ့ကျန်းမာရေး

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
မာလာငါးပေါင်းပြုလုပ်နည်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
အဆာပြေဆန်မုန့်လုပ်စားကြမယ်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
စိမ်းစိုသာယာတို့စိုက်ခင်းကရွှေဘဏ္ဍာ

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
မိတ္ထီလာကန်သို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
Oxygen Interview

**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၀:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၃:၁၅ | Bird's Eye View |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**မမှန်သတင်းပေးခြင်း**' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | တရားရုံးကဦးဆောင်သည့်စေ့စပ်ပြေငြိမ်းရေးစနစ် |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄) |

**MRTV FARMERS' Channel**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၂၀ | အပန်းဖြေခရီးတစ်ခေါက်လိင်မွှော်ခြံသို့အရောက် |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၈:၀၀ | ငွေပူး(ဇာတ်လမ်း) |
| ၁၉:၃၀ | 2023 HUGE VEGETABLE HARVEST |
| ၂၂:၀၀ | Back to Eden Gardening Documentary Film |
| ၂၃:၃၀ | Modern Agriculture Machines That Are At Another leve #3 |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Max |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၈:၂၀ | ပညာပေးဇာတ်လမ်း |

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ပဲခူးမြို့အတွင်း ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ပျက်စီးခဲ့မှုများအပေါ် အရှိန်အဟုန်ဖြင့် ချက်ချင်းတုံ့ပြန်ဆောင်ရွက်

**ပဲခူး အောက်တိုဘာ ၁၃**

ပဲခူးမြို့အတွင်း ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ပျက်စီးခဲ့မှုများအပေါ် အရှိန်အဟုန်ဖြင့် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နေမှုတို့ကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးကွပ်ကဲမှုရုံး၌ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ရေဘေးကယ်ဆယ်ရေးစခန်းများအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အနောက်ဘက်မြို့ရှောင်လမ်းပိုင်းလေးခု၌ ယာယီဘေလီတံတား တည်ဆောက်မှုလုပ်ငန်းခွင်နှင့် မြို့မဈေးအတွင်း၌ ကိုယ်တိုင်စိုက်ပျိုး မွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းနှင့် ပန်းလှိုင်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့၌ သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် ကျောက်ကြီးစုရပ်ကွက်၌ ရေသန့်စင်စက်တပ်ဆင်ထားသည့် မော်တော်ယာဉ်များဖြင့် ရေသန့်အခမဲ့ဖြန့်ဝေပေးနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ပဲခူးမြို့၏ အဓိကရေထွက်ပေါက် ပိတ်ဆို့နေမှုများ စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးတိုင်းဒေသကြီး သဘာဝဘေး ကွပ်ကဲမှုရုံး၌ လာရောက်လှူဒါန်းသည့် အလှူရှင်များနှင့် တွေ့ဆုံခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ပဲခူးတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်နှင့် ဆေးဝါးများ သွားရောက်လှူဒါန်း

**တာမွေ အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျောက်ကြီးစုရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၀၀၀ အတွက် လိုအပ်နေသော အစားအသောက်များ၊ ဆေးဝါးများနှင့် အဝတ်အထည်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၆ သိန်းခန့်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

## သီပေါမြို့၌ ရေဘေးကူညီရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**သီပေါ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့တွင် အောက်တိုဘာ ၁၂ ရက် ညပိုင်းနှင့် ၁၃ ရက် နံနက်ပိုင်း မိုးရွာသွန်းမှုတို့ကြောင့် ဒုဋ္ဌဝတီမြစ်ရေ တိုးလာ၍ မြစ်ကမ်းပါးနှင့် အနိမ့်ပိုင်းရှိ နေအိမ်အချို့ ရေနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။ ရေမြုပ်သည့် နေအိမ်များမှ အိမ်ထောင်စုဝင်များကို ရေဘေးလွတ်ကင်းရာသို့ ပရဟိတအသင်းများက ပို့ဆောင်ကူညီပေးခဲ့ကြပြီး ရေနစ်မြုပ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် သီပေါမြို့ ဈေးရပ်ကွက် အနိမ့်ပိုင်းမြစ်ရေတိုး ဝင်ရောက်လာမှု ကာကွယ်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေး ပရဟိတအသင်းများက ဒုဋ္ဌဝတီမြစ်ကမ်းပါးတစ်လျှောက်၌ သဲအိတ်များ ချထားပေးကြသည်။

အဆိုပါ ဆောင်ရွက်ရာသို့ ကျောက်မဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ ဒုတိယရဲမှူးကြီး နိုင်ထွန်းသူနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ သီပေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ ရဲမှူးအောင်မင်းနှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**၂၁၀**



## မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပဲခူးမြို့ရေဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အခြေခံ စားသောက်ကုန်များ ထောက်ပံ့ခြင်း အစီအစဉ်ကို အောက်တိုဘာ ၁၂ ရက်က ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်က ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ယာယီ ရေဘေးရှောင်စခန်းနှင့် မြို့ပေါ်ရပ်ကွက်များမှ အိမ်ထောင်စု ၂၅၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ခေါက်ဆွဲခြောက်အထုပ် ၃၀ ပါ တစ်ဖာ၊ ငါးသေတ္တာ ငါးဘူး၊ အိုဗာတင်း တစ်ပါကင်၊ ပါမုန့်ကြွပ်ထုပ်အထုပ်ကြီး တစ်ထုပ်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းတစ်ပုံး၊ ဆပ်ပြာတစ်တောင့်၊ ခေတ်ဆားငါးထုပ်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် King Construction Group Co.,Ltd. မှလှူဒါန်းသည့် ရေသန့် တစ်လီတာ ခြောက်လုံးပါ ၂၀၃ ကတ်၊ (၀.၅)လီတာ ၁၂ လုံးပါကတ် ၁၀၀ ကျော်နှင့် မုန့်ကြွပ်ထုပ် ဂျပ်ဖာရှစ်ဖာ တို့ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**တက်ရောက်**

အဆိုပါ ပေးအပ်ပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်တင်လေး၊ အချိန်ပြည့် အလုပ်အမှုဆောင် ဒေါက်တာတင်မောင်လှိုင်၊ အချိန်ပြည့်အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာဒေါ်ရီရီတင်၊ အချိန်ပိုင်း အလုပ်အမှုဆောင် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဒုတပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်၊ ပဲခူးတိုင်းဒေသကြီးကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**



## မောင်တောမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်

**မောင်တော အောက်တိုဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လူသုံးကုန် ထုတ်လုပ်မှုနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ခရေမြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးစောထွန်းက အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို ပထမအကြိမ်အဖြစ် သင်တန်းသား ၁၅ ဦးဖြင့် ဖွင့်လှစ်ပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ရာ ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၃၁ ရက်တွင် မွမ်းမံသင်တန်းကို ထပ်မံဖွင့်လှစ်ပို့ချပေးမည် ဖြစ်သဖြင့် သင်တန်းတွင် ထူးချွန်သင်တန်းသားငါးဦးအား ရွေးချယ်၍ သင်တန်းသား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် တန်ဖိုးညီမျှသည့် လုပ်ငန်းသုံးနှင့် ကုန်ကြမ်းပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီတာဦး၊ ပါမောက္ခ(ဌာနမှူး) ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၂၃–၂၀၂၄ ပညာသင်နှစ် စနစ်သစ် Grade 12 ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများအားလုံး စာမေးပွဲမှာ လွယ်ကူချောမောစွာဖြေဆိုနိုင်ကြဖို့ ရည်ရွယ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကိုပို့ချသွားမယ့်သင်ခန်းစာဖြစ်ပါတယ်။ Grade 12 Biology Textbook မှာ ပါဝင်တဲ့ အခန်း ၁ မှ ၆ အထိပြဋ္ဌာန်းထားသော သင်ခန်းစာများအလိုက် စာမေးပွဲမေးခွန်းပုံစံသစ်နဲ့အတူဖော်ပြသွားမှာ ဖြစ်ပါတယ်။ Grade 12 Biology Textbook မှာ ပါဝင်တဲ့အကြောင်းအရာများအားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ချောချောမောမောဖြင့် ထူးချွန်အောင်မြင်စွာဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။**

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့မေးခွန်းပုံစံတွင် Section– A နှင့် Section– B နှစ်ပိုင်းအတွက် မေးခွန်းအမှတ်စဉ် (Question No. 1– 5) စုစုပေါင်း (၅) ခု ပါဝင်ပြီး အမှတ်ခွဲဝေမှုမှာ Section– A အတွက် (၃၀) မှတ်၊ Section– B အတွက် (၇၀) မှတ်ဖြစ်ပြီး ဇယားဖြင့် ဖော်ပြထားပါတယ်။

| | | | | |
|---|---|---|---|---|
| **Section - A** | | | | |
| 1. | TRUE or FALSE | 1 mark each | 10 statements | 10 marks |
| 2. | Completion | 1 mark each | 10 statements | 10 marks |
| 3. | Multiple Choice | 1 mark each | 10 statements | 10 marks |
| **Section - B** | | | | |
| 4. | Short Questions | 5 marks each | 6 questions | 30 marks |
| 5. | Long Questions | 10 marks each | 4 out of 6 questions | 40 marks |

ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံကို လေ့လာမယ်ဆိုရင်– Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁)၊ (၂) နဲ့ (၃) မှာ လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ် (၁) တွင် အမှား (သို့မဟုတ်) အမှန်ဖြေဆိုခြင်း (TRUE or FALSE) မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ TRUE or FALSE statements ဖော်ပြချက်တွေဟာ Grade 12 Biology မှာ ပြဋ္ဌာန်းထားတဲ့ အကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှုကို ဦးစားပေးမေးထားတာဖြစ်ပြီး ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့ မေးထားတဲ့ statement များလည်းရှိမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် 1. TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်ကာ all capital letter နဲ့ ရေးလျှင် ပိုကောင်းပါတယ်။ သို့သော် မည်သို့ပင်ဖြေဖြေ အဖြေမှန်လျှင်အမှတ်ရမည်ဖြစ်ပြီး အဖြေနှစ်မျိုးရေးခဲ့လျှင် လုံးဝအမှတ်မပေးပါ။

မေးခွန်းနံပါတ် (၂) ကွက်လပ်ဖြည့်ခြင်း (Completion) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ရဲ့ Completion statement များအတွက် ကွက်လပ်ချန်ထားတဲ့နေရာမှာ မှန်ကန်တဲ့ အဖြေ စကားလုံး (Word)ကို စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ဖြေဆိုပေးရမှာ ဖြစ်တယ်။ ဖြည့်စွက်မယ့် အဖြေစကားလုံးရဲ့ Tense ကို ဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်များ (Scientific name) ကို ရေးသားဖော်ပြခိုင်းရင်တော့ မျိုးစု (Genus) ဖြစ်ခဲ့လျှင် အစစာလုံးကို Capital letter နဲ့ စရေးပြီး မျဉ်းသားပေးဖို့လိုအပ်ပါတယ်။ စာလုံးပေါင်းများကိုလည်း သတိထားပြီးရေးသားကျက်မှတ်ရပါမယ်။

မေးခွန်းနံပါတ် (၃) အဖြေမှန်ရွေးချယ်ခြင်း (Multiple Choice) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် 3. Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန် စကားလုံး (၄) လုံး (A, B, C, D) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့အတူ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ နောက်ကစကားလုံးကို ရေးစရာမလိုပါ။

မေးခွန်းနံပါတ် (၁) (၂) (၃) Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) များကို ပြန်ကူးရေးစရာ မလိုပါဘူး။ Objectives Statements (၃၀) ကို မှန်ကန်အောင် ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ သင်ရိုးပါအကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မယ့်အစား အကြောင်းအရာရဲ့အနှစ်သာရကိုအဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာ ဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစားတွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) များနှင့် Statements များဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ Grade 12 Biology ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့လိုပါမယ်။ မေးခွန်းနံပါတ် 1, 2 နှင့် 3 Objectives မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံးဆင့်ပွားမေးခွန်းငယ်နံပါတ်များအား မှားတပ်ခြင်းနှင့် နံပါတ်ပိုခြင်း၊ လိုခြင်းမရှိစေရန် ဂရုစိုက်ဖို့ နဲ့ နံပါတ်ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေဖြင့်သေချာတဲ့ အဖြေများကို သက်ဆိုင်ရာနံပါတ်ဘေးမှာဖြေဆိုဖို့လိုအပ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်၊ မေးခွန်းပုံစံရဲ့ Section – B မှာ မေးခွန်းနံပါတ် (၄) (Short questions) နဲ့ မေးခွန်းနံပါတ် (၅) (Long question) တွေ ပါဝင်မှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄) အတွက် (Answer ALL questions) မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ် (၄)တွင် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f ) အတွက် ပုဒ်ခွဲငယ်တစ်ခုလျှင် ငါးမှတ်စီဖြင့် ပေးမှတ် (၃၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄) မေးခွန်းတိုဖြေဆိုရာမှာ မေးခွန်းတွေကိုသေချာစွာဖတ်ရှုပြီး တိုတိုနဲ့ လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်သဖြင့် မေးခွန်းကမေးထားတဲ့ အဖြေပေါ်မူတည်၍ ကိုက်ညီမှန်ကန်မှုရှိသည့် ဖြေဆိုမှုပြုလုပ်နိုင်ရန် လိုအပ်ပြီး သို့မှသာလျှင် အမှတ်ပြည့်ရရှိနိုင်မှာ ဖြစ်ပါတယ်။

Section – B ၏ မေးခွန်းနံပါတ် (၅) (Long question) တွင် (Answer any FOUR questions) ဟူ၍ ရွေးချယ်ပိုင်ခွင့်ရှိသည့် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f ) မေးထားပြီး နှစ်သက်ရာ (၄) ပုဒ်အား ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းရှည် (Long question) မှာ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို ဖြေဆိုရမှာဖြစ်ပြီး ဆက်လက်လေ့လာမည့်အဆင့်မြင့်ဘာသာရပ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါတယ်။ မေးခွန်းနံပါတ် (၅)မှာ ရွေးချယ်ဖြေဆိုပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးကို ဖြေဆိုရာတွင် မိမိကျွမ်းကျင်စွာဖြေဆိုနိုင်မယ့်၊ အမှတ်ပြည့်ရနိုင်မယ့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုကြရန်နှင့် မေးခွန်းအရွေးမမှားစေဖို့ အထူးသတိပြုကြရန် အရေးကြီးပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့မေးခွန်းပုံစံသစ်တွင် Section– A မှာ ပါဝင်တဲ့ မေးခွန်းနံပါတ် (၁) (၂) (၃) နှင့် Section – B မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၄) (၅) တို့ဖြင့် စုစုပေါင်း ငါးပုဒ် (Question No. 1– 5) ပါရှိမှာဖြစ်ပါတယ်။ မေးခွန်းဖွဲ့စည်းတည်ဆောက်ရာတွင် Grade 12 Biology Textbook ပြဋ္ဌာန်းစာအုပ်မှ အခန်း ၁ မှ ၆ (Chapter 1 – 6) အထိပါဝင်တဲ့ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်များမှ အကြောင်းအရာများအား မေးခွန်းအမှတ်စဉ် (Question No. 1 – 5) များအတွက် Chapter အစဉ်လိုက်သော်လည်းကောင်း၊ Chapter အစဉ်လိုက် မဟုတ်ဘဲသော်လည်းကောင်း မေးခွန်းတည်ဆောက်နိုင်ပါတယ်။ မေးခွန်းများသည် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်မှုအရည်အသွေးများ ကောင်းမွန်မြင့်မားမှုကို ဦးတည်၍ လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်း မရှိစေဘဲ ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းအလိုက် လျော်ညီစွာဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ရမှာ ဖြစ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်သင်ရိုးမှာပါတဲ့ သင်ခန်းစာများကို လေ့လာကြည့်ရင် အခန်း ခြောက်ခန်း (Chapter 1 – 6) ပါဝင်ပါတယ်။ အခန်း (၁) Chapter 1 INTRODUCTION TO BIOLOGY တွင် THEMES OF BIOLOGY ၌ ဇီဝဗေဒကို ကျယ်ပြန့်စွာ ပိုင်းခြားထားသော အဓိက အကြောင်းအရာငါးခု (Themes 1– 5) နှင့် IMPORTANCE OF BIOLOGY IN DAILY LIFE လူတို့၏နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏အရေးပါမှုနှင့်စပ်လျဉ်း၍ လူတို့၏အသက်ရှင်ရပ်တည်မှုတွင် အဓိကကျသော စားနပ်ရိက္ခာအရင်းအမြစ်များအတွက် စိုက်ပျိုးရေး (Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊ ကျန်းမာရေးနှင့် ဆေးဝါးအသုံးပြုခြင်း (Health and Medicine)၊ လူတို့၏ အသက်ရှင်သန်မှုအတွက် အစားအစာ (Food)၊ ကျန်းမာသောနေထိုင်မှုဘဝအတွက် အဝတ်အထည်နှင့် အမိုးအကာပြုလုပ်ရာတွင် အသုံးပြုသည့် အပင်များနှင့်ဆက်စပ်နေသည့် လုပ်ငန်းများ (Clothing and Shelter) စသည့် အကြောင်းအရာများကို လေ့လာကြရမှာ ဖြစ်ပါတယ်။

အခန်း (၂) Chapter 2 MOLECULAR BIOLOGY ၏ INTRODUCTION TO MOLECULAR BIOLOGY ၌ သက်ရှိဆဲလ်အားလုံးတွင် မရှိမဖြစ် ပါဝင်သည့် DNA (Deoxyribonucleic acid) နှင့် RNA (Ribonucleic acid) တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်းကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်း သဘောသဘာဝ၊ GENETIC CODE မျိုးရိုးဗီဇဝှက်၊ PROTEIN SYNTHESIS သက်ရှိဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ်နှင့် ပါဝင်သောလုပ်ငန်းစဉ်များ၊ SOME TECHNIQUES IN MOLECULAR BIOLOGY အပင်နှင့်တိရစ္ဆာန်အား မျိုးရိုးဗီဇဆိုင်ရာ ပြုပြင်ထားသော မော်လီကျူးဇီဝဗေဒဆိုင်ရာနည်းပညာအကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်ပါတယ်။

အခန်း (၃) Chapter 3 TRANSPORT SYSTEM IN ORGANISMS ရှိ TRANSPORT SYSTEM IN PLANTS အပင်များရှိသယ်ယူပို့ဆောင်ရေးစနစ်တွင် သယ်ယူပို့ဆောင်ရေး တစ်ရှူးများ (xylem နှင့် phloem) တည်ဆောက်ပုံများ၊ TRANSPORT MECHANISMS IN PLANTS အပင်တစ်ပင်တွင် အစာ၊ ရေနှင့် inorganic ions များကို ပို့ဆောင်ပေးသည့် လုပ်ငန်းယန္တရား၊ TRANSPIRATION ပင်ငွေ့ပျံခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပျံခြင်းအပေါ် သက်ရောက်သည့်အချက်များ၊ Benefits of Transpiration ပင်ငွေ့ပျံခြင်းအကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပျံခြင်းအား သရုပ်ဖော်ပြသခြင်းနှင့် TRANSLOCATION အပင်များတွင် အစာအာဟာရ၊ ရေနှင့်ပျော်ဝင်ပစ္စည်းများ ရွေ့လျားရွေ့ပြောင်းခြင်းဖြစ်စဉ် အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS တိရစ္ဆာန်များရှိ သယ်ယူပို့ဆောင်ရေးစနစ်တွင် Principles of Circulation တိရစ္ဆာန်များရှိ သွေးလည်ပတ်မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံဖြစ်ပြီး အရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့အရည်စီးဆင်းမှုပုံစံယန္တရားအသွင်ဖြင့် ပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင် လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာဖြစ်ပါတယ်။ CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် စနစ်အမျိုးအစားနှစ်မျိုး Open circulatory system (အဖွင့်သွေးလည်ပတ်မှုစနစ်)နှင့် Closed circulatory system (အပိတ်သွေးလည်ပတ်မှုစနစ်) အဓိကနှစ်မျိုးရှိပြီး CARDIOVASCULAR SYSTEM IN MAMMALS နို့တိုက်သတ္တဝါများ၏ နှလုံးသွေးလည်ပတ်မှုတွင် သွေးကြောများမှတစ်ဆင့် သွေးများရွေ့လျားနိုင်ရန် ရေပန့်စက်ကဲ့သို့ ဆောင်ရွက်ပေးသည့် နှလုံး၏ ဖွဲ့စည်းတည်ဆောက်ပုံ The Structure of the Heart, The Blood Vessels သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ဆံချည်မျှင်သွေးကြောများ၊ The components of the Blood သွေးတွင်းပါဝင်ပစ္စည်းများ၊ The Clotting of the Blood ထိခိုက်ဒဏ်ရာရသည့်နေရာမှာ သွေးများစုပုံလာ၍ သွေးတိတ်စေသောဖြစ်စဉ်၊ The Cardiac Cycle နှလုံးခုန်ခြင်းဖြစ်စဉ်၊ Control of Heart Beat နှလုံးခုန်နှုန်းအား ထိန်းချုပ်ခြင်း အကြောင်းအရာများနဲ့ LYMPHATIC SYSTEM ဆံချည်မျှင်သွေးကြောများနှင့် ဆဲလ်များအကြားတွင်ရှိသော တစ်ရှူးရည်၏ အခန်းကဏ္ဍ စသည့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်ပါတယ်။

အခန်း (၄) Chapter 4 DISEASES IN PLANTS AND ANIMALS တွင် PLANT DISEASES အပင်ရောဂါများ၌ အပင်ရောဂါကို အများအားဖြင့် ပုံမှန်မဟုတ်သော ကြီးထွားမှုနှင့် သို့မဟုတ် အပင်၏ ကမောက်ကမ ဖြစ်မှုအဖြစ် သတ်မှတ်၍ Biotic diseases များသည် သက်ရှိများ (ဥပမာ– မှို၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ) ကြောင့် ဖြစ်သည့် အပင်ရောဂါအမျိုးအစားများနှင့် Abiotic diseases များသည် သက်ရှိမဟုတ်သော ပတ်ဝန်းကျင်အခြေအနေများ (ဥပမာ– မြေဆီလွှာကျုံ့ခြင်း၊ လေ၊ နှင်းခဲ၊ မြေဆီလွှာဆားများပျက်စီးခြင်း) ကြောင့် ဖြစ်သည့် အပင်ရောဂါအမျိုးအစားများ၊ Disease Causing Factors ရောဂါ ဖြစ်စေသော အကြောင်းအရင်းများ၊ အပင်ရောဂါများ၏

**စာမျက်နှာ ၁၇ သို့ »»»**

»»» စာမျက်နှာ ၁၆ မှ

Signs and Symptoms, Types of Pathogens အပင်ရောဂါပိုးအမျိုးအစားများ နှင့် Control of Plant Diseases အပင်များတွင် ကျရောက်သော ရောဂါပိုးမွှားများကို ထိန်းချုပ်ခြင်းများအား ကဏ္ဍအလိုက် သင်ကြားကြရမှာဖြစ်ပါတယ်။ ANIMAL DISEASES ရောဂါ ဆိုသည်မှာ ကျန်းမာရေးညှိုးဖျင်းစေသော ခန္ဓာကိုယ်(သို့မဟုတ်) စိတ်၏နာမကျန်းမှု (သို့) ချို့ယွင်းမှုတစ်ခုဖြစ်သည်။ ANIMAL DISEASE များကို မကူးစက်နိုင်သောရောဂါအမျိုးအစားများ Non–infectious Diseases နှင့် ကူးစက်နိုင်သောရောဂါအမျိုးအစားများ Infectious Diseases ဟု ခွဲခြားနိုင်သည်။ မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases တွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာအကြောင်းအရာများ ပါဝင်ကြပါတယ်။ ကူးစက်နိုင်သော ရောဂါအမျိုးအစားများ Infectious Diseases နှင့် နမူနာအဖြစ် ငှက်ဖျားပိုး Plasmodium ကူးစက်ခြင်း၊ ငှက်ဖျားပိုး၏ ဇီဝစက်ဝန်း Life cycle of Plasmodium, ငှက်ဖျားရောဂါ ကုသခြင်း၊ ကာကွယ်ခြင်း၊ ကမ္ဘာ့တစ်ဝန်းငှက်ဖျားရောဂါ ထိန်းချုပ်မှုအကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာ သင်ကြားကြရမှာဖြစ်ပါတယ်။

အခန်း (၅) Chapter 5 COORDINATION AND RESPONSE သည် အပင်နှင့် တိရစ္ဆာန်များတွင် "ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှုများ" နှင့်သက်ဆိုင်သည့် အကြောင်းအရာများပါဝင်ပြီး COORDINATION AND RESPONSE IN PLANTS အပင်၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှုအပြန်အလှန်အကျိုးသက်ရောက်ပုံ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာဖြစ်ပြီး PLANT GROWTH AND DEVELOPMENT အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၌ Plant Growth Regulators အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရှုထောင့်အမျိုးမျိုးကို ထိန်းချုပ်သည့် အပင်ဟော်မုန်း၏ အဓိကအမျိုးအစား ငါးမျိုးရှိတယ်။ Auxins, gibberellins, cytokinins, ethylene နှင့် abscisic acid တို့ဖြစ်ကြတယ်။ ဤဟော်မုန်းတစ်ခုစီဟာ အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုအပေါ် တိကျသောအကျိုးသက်ရောက်မှုများရှိကြတယ်။ Seed Dormancy အစေ့ငုတ်ခြင်း၊ Seed Germination အစေ့ပေါက်ခြင်း နှင့် အမျိုးအစား (၃) မျိုး၊ Photoperiodism ပန်းပွင့်စေရန် အပင်မှ လိုအပ်သော အလင်းနှင့် အမှောင်၏ကာလနှင့် အလင်းကာလပေါ်မူတည်၍ အပင်အမျိုးအစား (၃) မျိုး ခွဲခြားခြင်း၊ Photomorphogenesis အပင်များ ကြီးထွားပြီး အလင်းရောင်ကို တုံ့ပြန်သည့် ဖြစ်စဉ်နှင့် အရေးပါပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာကြရမှာဖြစ်ပါတယ်။

COORDINATION AND RESPONSE IN ANIMALS တိရစ္ဆာန်များတွင် ညှိနှိုင်းခြင်းနှင့် တုံ့ပြန်မှုအပိုင်းမှာ ပတ်ဝန်းကျင်နှင့် အမူအကျင့်များကို တုံ့ပြန်ပြီးညှိနှိုင်းနိုင်စွမ်းသည် အသက်ရှင်ရပ်တည်မှုအတွက် အရေးကြီးပြီး တိရစ္ဆာန်များကို ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေပြီးလျှင် Human Nervous System အာရုံကြောစနစ် တည်ဆောက်ပုံ၊ Structure of Neurones မတူညီသော Neurones အမျိုးအစားများနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ၊ Synapses ၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ၊ SENSE ORGANS သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကို သိရှိပြီး သင့်လျော်စွာ တုံ့ပြန်ရမည်ဖြစ်ပြီး အပြောင်းအလဲများကို ထောက်လှမ်းရန် လူသားများနှင့် အခြားသက်ရှိများတွင် ဖြစ်ပေါ်လာသည့်၊ လွန်စွာမြင့်မားသည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် အရေပြားတို့ကဲ့သို့သော အာရုံခံအင်္ဂါများမှ Structure of human eye and mechanism of vision လူ့မျက်လုံးဖွဲ့စည်းပုံနှင့် အမြင်အာရုံဆိုင်ရာယန္တရား၊ THE ENDOCRINE SYSTEM ၌ Endocrine glands Hormones လူ့ခန္ဓာကိုယ်ရှိ endocrine ဂလင်းများ၏ တည်နေရာနှင့် ဟော်မုန်းများ၏ အခန်းကဏ္ဍ၊ Comparison between Nervous System and Endocrine System လူ့ခန္ဓာကိုယ်ရှိ အာရုံကြောစနစ်နှင့် endocrine စနစ်အကြား နှိုင်းယှဉ်လေ့လာမှုဇယား စသည့်ခေါင်းစဉ်များဖြင့် စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်ပါတယ်။

အခန်း (၆) Chapter 6 BIODIVERSITY AND CONSERVATION မှာ ဤစာအုပ်၏ နောက်ဆုံးအခန်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းဖြစ်၍ သဘာဝတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အဘယ်ကြောင့် အရေးကြီးရသနည်းဆိုသည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာလေ့လာကြရမှာဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲတွင် 'ဇီဝ – Bio' ဟူသည်သက်ရှိနှင့် 'အမျိုးအစားကွဲပြားခြားနားမှု Diversity' ဟူသည့် စကားလုံးနှစ်လုံးမှလာပြီး 'ဇီဝမျိုးစုံမျိုးကွဲ' ဟူသော အသုံးအနှုန်းကို Walter G. Rosen မှ ၁၉၈၅ ခုနှစ်တွင် စတင်တီထွင်သုံးနှုန်းခဲ့တာဖြစ်သော်လည်း ယခုအခါ 'ဇီဝမျိုးစုံမျိုးကွဲများ၏ဖခင်' အဖြစ် လူသိများသည့် Edward O. Wilson ကြောင့် ပိုမိုထင်ရှားလာတာ ဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီစွာ ရှင်သန်ကြီးထွားပေါက်ပွားနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည် သက်ရှိများ၏ ဘဝရှင်သန်နေထိုင်မှုနှင့် သဘာဝဂေဟစနစ် နှစ်ခုလုံးတွင် အရေးပါသောအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ Levels of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ မတူညီသောအဆင့်များ၊ Importance of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှု၊ Biodiversity in Myanmar တွင် Forest Diversity မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစားများနှင့် Endangered Species မျိုးသုဉ်းလုနီးပါး ဇီဝမျိုးစိတ်များ၊ THREATS TO BIODIVERSITY ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော အကြောင်းတရားများ၌ Habitat Destruction ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာများပျက်စီးခြင်း၊ Invasive Alien Species (IAS) ဒေသရင်းမဟုတ်သောမျိုးစိတ်များ ဝင်ရောက်လာခြင်း၊ Genetic Pollution ဗီဇညစ်ညမ်းမှုဖြစ်ခြင်း (ဥပမာ–မျိုးစပ်ခံရခြင်း၊ မျိုးရိုးဗီဇရောယှက်ခြင်း)၊ Overexploitation ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ Climate Change ထိုသို့အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ Human Overpopulation လူဦးရေတိုးမြင့်လာခြင်း၊ ထူထပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ အဆင်မပြေမှုများဖြစ်ပေါ်လာခြင်း၊ Wildlife Trade သဘာဝတောရိုင်းသက်ရှိများနှင့် ၎င်းတို့မှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း၊ CONSERVATION ကမ္ဘာမြေ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အမျိုးမျိုးသော အစီအမံများနှင့် နည်းလမ်းများ၊ In situ နှင့် ex situ ထိန်းသိမ်းရေးနည်းလမ်းများ အကြောင်း အသိပညာပေးမြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံတွင် တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အမျိုးအစားနှင့် တည်နေရာများကို ကဏ္ဍအလိုက် စိတ်ဝင်စားဖွယ် သင်ကြားကြရမှာ ဖြစ်ပါတယ်။

Grade 12 Biology Textbook တွင် တိကျသော ရောင်စုံပုံချပ်များ precise colourful diagrams, ဓာတ်ပုံမိုက်ခရိုဂရပ်များ photo–micrographs, figures and charts, Chapter တစ်ခုချင်းစီ၏ အဆုံးတွင် နမူနာမေးခွန်းများ၊ ဝေါဟာရအသုံးအနှုန်း အခက်အခဲများကို ကျော်လွှားရန် GLOSSARY များပါဝင်ကြပါတယ်။ ကျောင်းသား၊ ကျောင်းသူများသည် Grade 12 Biology Textbook မှာ ပါဝင်တဲ့ အကြောင်းအရာတွေကို သေချာကျေညက်အောင် လေ့လာပြီးတဲ့နောက် ဇီဝဗေဒ၊ ဇီဝဗေဒနှင့် ဆက်နွှယ်လျက်ရှိသည့် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်နယ်ပယ်များတွင် ဆက်လက်လေ့လာရန် အရည်အချင်းပြည့်မီသူများ ဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ စာမေးပွဲဖြေတဲ့အခါ –

- မေးခွန်းမှာ Mention/ Name/ List နဲ့စထားရင် အမည်များ ဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What/ How/ Cite/ Give/ State/ Describe/ Discuss/ Explain/ Clarify/ Write နဲ့ စထားရင်ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish/ Classify/ Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative/ Compare and contrast/ versus နဲ့မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
- Give a table/ Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းဖြင့် ချိတ်ဆက် ဖော်ပြရန်။
- Draw/ Illustrate/ illustration/ drawing/ diagram နဲ့မေးထားရင် သရုပ်ဖော်ပုံဆွဲပေးရန်။
- Provide Labels and Caption နဲ့စရင် ပုံကိုပြန်ကူးဆွဲစရာမလိုဘဲ အညွှန်းမြားဖြင့် ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့် မေးခွန်းရှိခဲ့လျှင် မကျန်ရစ်အောင်ဖြေဆိုရန် သတိပြုပါ။
- မေးခွန်းကို သေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှ ဖြေဆိုပါ။
- အဖြေလွှာရဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကို မှန်အောင် တပ်ပါ။
- အဖြေလွှာပေါ်က ညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
- ဖြေဆိုမည့်နံပါတ်များကို ဘေးမျဉ်းအတွင်း မှန်အောင်တပ်ပြီးမှ ဖြေဆိုပါ။
- ဖြေဆိုပြီးအဖြေများ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။

ယခုတင်ပြခဲ့တဲ့အကြံပြုချက်များကိုလိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန် အောင်မြင်အောင်ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ကြပါစေ။

## လူငယ်ရေးရာကဏ္ဍ

### မက်မန်းမြို့၌ လူငယ်ရေးရာအသိပညာပေး စာအုပ်စာစောင်ပြပွဲကျင်းပ

**မက်မန်း အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်များ အသိပညာတိုးပွားရေး၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ့သားကောင်းရတနာများ ဖြစ်သည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် ကျောင်းစာများအပြင် ပြင်ပစာပေများကို လေ့လာကြည့်ရှု၍ အသိပညာ ဗဟုသုတရရှိလာစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး စာအုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ပြသခဲ့သည်။

အဆိုပါစာအုပ်ပြပွဲတွင် လူငယ်များ အသိပညာရရှိစေရန်အတွက် အထွေထွေ ဗဟုသုတစာအုပ်များ၊ သင်ထောက်ကူစာအုပ်များ၊ ပုံပြင်စာအုပ်များ၊ ရုပ်ပြစာအုပ်များ၊ မွေးမြူရေးဆိုင်ရာ စာအုပ်များ၊ ဘာသာရေးဆိုင်ရာစာအုပ်များ၊ ပြည်သူ့နီတိစာအုပ်များ၊ တက်ကျမ်းစာအုပ်များ၊ စာရေးဆရာ ပီမိုးနင်း၏ စာအုပ်များ၊ စာရေးဆရာ အောင်သင်း၏ စာအုပ်များ၊ တိုင်းရင်းသားရိုးရာစာအုပ်များ၊ ယဉ်ကျေးလိမ္မာစာအုပ်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### လှိုင်းဘွဲ့မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက လှိုင်းဘွဲ့မြို့ အမှတ်(၅) အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပခဲ့သည်။



အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးစောသော်တာလင်းသန့်က ကျောင်းသား ကျောင်းသူများ အနေဖြင့် အသိပညာဗဟုသုတများ မြင့်မားတိုးတက်လာစေရန် ကျောင်းစာအပြင် ဗဟုသုတဖြစ်ဖွယ် စာအုပ်စာစောင်များကို အားလပ်ချိန်များတွင် လေ့လာဖတ်ရှုကြရန်၊ လူကုန်ကူးမှု အန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော အသိပညာဗဟုသုတများနှင့် ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စောဖိုးခွား(ပြန်/ဆက်)**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

## အမှတ်စဉ် (စ-၂/၂၀၂၃)

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အစားအသောက်များ၌ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်မှုနှင့် ခွင့်ပြုအစားအသောက်ထပ်ဖြည့်ပစ္စည်းများအား သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသည်တို့ကြောင့် အစားအသောက်များကို ရေရှည်စားသုံးမိပါက အစာအိမ်၊ အသည်း၊ ကျောက်ကပ်များ ပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါသဖြင့် ယခုဖော်ပြထားသော အစားအသောက်များကို နောက်ထပ်ကြေညာချက်ထုတ်ပြန်သည်အထိ စားသုံးခြင်းမပြုရန် အသိပေးအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများ၊ ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်၊ ခွင့်ပြုအစားအသောက်ထပ်ဖြည့်ပစ္စည်းများကို သတ်မှတ်ပမာဏအတွင်းသာ အသုံးပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

### ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | လုပ်ငန်းလိပ်စာ | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့်နေရာ |
|---|---|---|---|---|---|---|
| ၁။ | ပုန်းရည်ကြီးကြော် | ထူးကဲပို 240 g/ Plastic bottle (Exp: 10–3–2023) | Yeast သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ပေါ်ကုန်စုံဆိုင် |
| ၂။ | ရှောက်သီးပေါင်း | ဘုရင်မ –/ Cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ပေါ်ကုန်စုံဆိုင် |
| ၃။ | ဇယန်းအစပ်နှပ် | ဇယန်းပလောင် –/ Cup (Exp: 12–4–2023) | Yeast သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ပေါ်ကုန်စုံဆိုင် |
| ၄။ | သံပုရာပေါင်း | ချိုဝင်း 50 g/ Plastic Pack (Exp: 8–2023) | Benzoic acid နှင့် Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မဈေး |
| ၅။ | ဂျယ်လီ | Jelly Egg –/ Plastic Cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မဈေး |
| ၆။ | ဂျယ်လီ (အညိုရောင်) | Fruity 200 ml/ Plastic cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၇။ | ဂျယ်လီ (အနီရောင်) | Fruity 200 ml/ Plastic cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၈။ | ဂျယ်လီ (အစိမ်းရောင်) | Fruity 200 ml/ Plastic cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၉။ | ယိုစုံ | ကောင်းထက်စံ –/ Plastic pack | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၁၀။ | ယိုစုံ | ရွှေမိ –/ Plastic pack | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၁၁။ | သံပုရာအချိုရည်အမှုန့် | ဘော့ (စ်) 10 g/ Plastic pack (Exp: 30–2–2024) | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၁၂။ | လိမ္မော်အချိုရည်အမှုန့် | ဘော့ (စ်) 10 g/ Plastic pack (Exp: 30–2–2024) | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၁၃။ | အားဖြည့်အချိုရည် | MR–POWER 220 ml/ Plastic Pack (Exp: 30–12–2023) | Benzoic acid သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ပေါ် ကုန်စုံဆိုင်များ |
| ၁၄။ | သစ်သီးယိုစုံ | ငွေငွေ –/ Plastic Pack | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ဘုတာဈေး |
| ၁၅။ | ဧရာဝတီဆော့ | စားဖိုမှူးစိတ်ကြိုက် –/ Plastic pack | Benzoic acid သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ |  | ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ မြို့မဈေး |
| ၁၆။ | ရောသမမွှေယိုစုံ | မြတ် –/ Plastic Pack | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | – |  | ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ဘုတာဈေး |
| ၁၇။ | သစ်သီးယို | ရှမ်းမလေး –/ Plastic bottle | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | ကျောက်မဲမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။ |  | ရခိုင်ပြည်နယ်၊ စစ်တွေမြို့ပေါ်ရှိ ဈေးဆိုင်များ |
| ၁၈။ | ဇီးစပ်လုံး | လျှာရှင်းမြတ် 10 g x 6 Sachets / Plastic pack (Exp: 12–2023) | Benzoic acid သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |  | ရခိုင်ပြည်နယ်၊ စစ်တွေမြို့ပေါ်ရှိ ဈေးဆိုင်များ |
| ၁၉။ | အရောင်တင်မှုန့် | – | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။ | – |  | ကရင်ပြည်နယ်၊ ဘားအံမြို့၊ မြိုင်ကလေးဈေး/သီရိဈေး |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၃-၁၀-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၈၂၉။ | ဒေါ်အုန်းဟန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၀။ | ဗိုလ်မှူးဒေါ်ချိုချိုအောင်(ငြိမ်း)၏မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၆၈၃၁။ | ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း)နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၂။ | (ဦးစိန်လှိုင်)နှင့်ဇနီး ဒေါ်ခင်အေးအေးမော်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၃။ | ကိုအောင်စည်ဟိန်းနှင့်ဇနီး မရတနာပွင့်၊ (သား) မောင်ကောင်းဆက်ဟိန်း၊ (သမီး) မသဒ္ဒါရှင်းသန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၄။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ကိုခင်အေး၊ ကိုသန်းလှိုင်၊ ကိုသန်းမြင့်၊ မခင်စန်းကြည်တို့ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၅။ | ကွယ်လွန်သူ ဦးတင်ဝင်းအားရည်စူး၍ ဒေါ်သက်မာမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၆။ | ဦးအောင်မြင့်ကြည်အားရည်စူး၍ ဒေါ်စန်းငွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၇။ | ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နုနုချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၈။ | ဦးကျင်သိန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၃၉။ | ကွယ်လွန်သူ ဦးထွန်းမောင်အားရည်စူး၍ ဇနီး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၄၀။ | ကွယ်လွန်သူ မိခင်၊ ဖခင်နှင့်ခင်ပွန်းတို့အားရည်စူး၍ ဒေါ်နွဲ့ကြူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၄၁။ | ဦးညွန့်ရွှေနှင့်ဇနီး ဒေါ်ခင်စန်းနွဲ့ (အောင်သုခ)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၄၂။ | ဦးသိန်းထွန်းဦးနှင့်ဇနီး ဒေါ်နီလာသန်း၊ (သား) မောင်အောင်သန့်ပြည့်ဖြိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၈၄၃။ | ဦးဇော်မိုးအောင်နှင့်ဇနီး ဒေါ်မိုးမိုးအေး၊ (သမီးများ) မအိမွန်ဇော်၊ မအေးမွန်ဇော်နှင့် (မြေး) မောင်ဟိန်းထက်ဇော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၈၄၄။ | ဗိုလ်မှူးကြီးတိုးလွင်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၆၈၄၅။ | ကွယ်လွန်သူ ဗိုလ်မှူးဝေမြူအားရည်စူး၍ ဒေါ်နန်းဝင်းဝင်းခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၄၆။ | ဦးကျော်ကျော်လွင်နှင့်ဇနီး ဒေါ်ငွေးငွေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၄၇။ | ဦးဝေဖြိုးမင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၄၈။ | ကိုဝေထက်စည်နှင့်ဇနီး မဖြိုးရတနာခိုင်၊ (သမီး) မယွန်းမြတ်ဖြိုးဝေ (ခ) ဝိုင်းဝိုင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၄၉။ | ကွယ်လွန်သူ ဦးဘသန်းနှင့် ဒေါ်ခင်သိန်းတို့အား ရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၀။ | ဦးအောင်မြတ်မင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၁။ | ဦးသာနုနှင့်ဇနီး (ဒေါ်သိန်းတင်) မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၂။ | ဦးကျော်သန်းနှင့်ဇနီး ဒေါ်အေးအေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၃။ | ဒေါက်တာစည်သူနှင့်ဇနီး ဒေါက်တာလဲ့သန္တာစိုး၊ (သမီး) မသူနန်းထက်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၄။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်တင်ဆွေဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၅။ | ဦးသိန်းဆွေနှင့်ဇနီး ဒေါ်အေးသန္တာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၆။ | ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဖိုးမှိုနှင့် ဒေါ်အုန်းတင်၊ ကိုကျော်စိန်၊ မောင်အေးဝင်း၊ မောင်တင်သိန်း၊ မောင်အောင်မိုးခိုင် တို့အားရည်စူး၍ အစ်မကြီး ဒေါ်ခင်ရီ နှင့် ညီမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၇။ | ဦးထွန်းလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၈။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ကျင်စီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၅၉။ | ဦးသီရိကျော်နှင့်ဇနီး ဒေါ်နန်းသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၀။ | ဦးစန်းလွင်နှင့်ဇနီး ဒေါ်ခင်သန်းဦး၊ (မြေးလေး) မင်းဘုန်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၈၆၁။ | ကျွန်းမြေအုတ်ကျောင်းတိုက်မှ ဆရာတော်များ ကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၂။ | မိဘနှစ်ပါးအားရည်စူး၍ လက်ပံပင်ကျောင်းတိုက်မှ ဆရာတော် ဉူးသောမနကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၃။ | ဒေါ်ခင်မျိုးယဉ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၄။ | ဦးအောင်သန်းနှင့်ဇနီး ဒေါ်စန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၅။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်လှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၆။ | ကွယ်လွန်သူ မောင်မြင့်သူဦးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၇။ | ဒေါ်မေကျော့ရှင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၈။ | ဦးကိုကိုဦးနှင့်ဇနီး ဒေါ်ဥမ္မာလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၆၉။ | ဦးအေးမောင်နှင့်ဇနီး ဒေါ်ခင်မြဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၀။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်နီလာသန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၁။ | ဦးရဲမင်းစိုးနှင့်ဇနီး ဒေါ်နန်းပြည့်စုံခမ်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၂။ | ဦးနိုင်ဝင်းနှင့်ဇနီး ဒေါ်စိုးစိုးထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၃။ | ကွယ်လွန်သူ ဦးချစ်သန်းအားရည်စူး၍ ဒေါ်သောင်းဇင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၄။ | မငြိမ့်ဝင်းသူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၅။ | ဒေါက်တာရဲနိုင်နှင့်ဇနီး ဒေါ်ကျင်ဆွေယု မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၆။ | ဦးထွန်းလင်းမော်နှင့်ဇနီး ဒေါ်သင်းသင်းမော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၇။ | ဦးစောရွှေမောင်နှင့်ဇနီး ဒေါ်အေးမြတ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၈။ | ဦးစိုးပိုင်နှင့်ဇနီး ဒေါ်နန်းခမ်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၇၉။ | ဒေါ်တင်မာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၈၈၀။ | ဦးဝင်းအောင်နှင့်ဇနီး ဒေါ်လှလှမြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆


**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ အ.ထ.က ဇီးကုန်း GRADE(9)မှ မောင်ဇင်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း [၇/နတလ (နိုင်) ၀၆၆၁၁၁] ဖြစ်ပါသည်။

**ဦးလှထွန်း**
**[၇/နတလ(နိုင်)၀၆၆၁၁၁]**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ ရွာဝိုင်းကြီး (အ.လ.က)ကျောင်းGRADE(9)မှ မောင်မင်းချစ်သူ၏ ဖခင်အမည်မှန်မှာ ဦးလှမင်းခိုင် [၇/နတလ (နိုင်)၁၃၉၁၂၅]ဖြစ်ပါသည်။

**ဦးလှမင်းခိုင်**
**[၇/နတလ(နိုင်)၁၃၉၁၂၅]**

**ဖခင်အမည်မှန်**

နေပြည်တော်၊ အထက(၈) ဒသမတန်းမှ မောင်ညီမင်းထူး၏ ဖခင်အမည်မှန်မှာ ဦးအောင်ထူး[၁၂/မရက(နိုင်) ၀၅၅၁၃၁]ဖြစ်ပါကြောင်း။

**အမည်မှန်**

အဖ ဦးခင်မောင်ကြည်၏ သမီး လှိုင်သာယာမြို့နယ်၊ အောင်ဇေယျမင်းဘုန်းတော်ကြီးကျောင်းမှ မစန်းစန်းအေး၏ အမည်မှန်မှာ မစမ်းစမ်းအေး ဖြစ်ပါသည်။

**အမည်ပြောင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၃) အခြေခံပညာမူလတန်းကျောင်း Grade–2 မှ အဖ ဦးလှမျိုးနိုင်၏သား မောင်ရဲဝဏ္ဏလင်းအား မောင်ရှိုင်းဝေယံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရှိုင်းဝေယံ**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၆-၉-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)ဦးစန်းအေး၏ အရောင်းမြေပုံကူးတွင်မြေအမည်ပေါက်-ဒေါ်ဆွေဇင်လှိုင်အစား မြေအမည်ပေါက်-ဒေါ်တင်တင်ဆွေဟုအမှန်ဖတ်ရှုပါရန်။

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**




# မိုင်းယောင်းမြို့နယ်၌ ကျေးရွာ နှစ်ရွာ စိုက်ပျိုးမြေ ဧက ၇၅၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုစစ်ဆေး

မိုင်းယောင်း အောက်တိုဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယမ်းခမ်း-ဝမ်ဖြို ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မြို့နယ်ဦးစီးမှူး ဦးစံလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ယမ်းခမ်း-ဝမ်ဖြို ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ခံများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးရေးအလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ယမ်းခမ်း-ဝမ်ဖြို ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၉၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဟိန်းအင်ပါယာကုမ္ပဏီမှ ယခုနှစ် အောက်တိုဘာ ပထမအပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ယမ်းခမ်းကျေးရွာနှင့် ဝမ်ဖြိုကျေးရွာတို့ရှိ အကျိုးပြု အိမ်ခြေ ၁၁၃ အိမ်၊ လူဦးရေ ၇၅၈ ဦးတို့၏ လယ်ယာမြေ ဧက ၇၅၀ ကျော်မှ ထွက်ရှိသော စိုက်ပျိုးသီးနှံ ထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မိုး/ဇလ

## ဦးယောထာနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ ကျပ်ပြင်ကျေးရွာအုပ်စု၊ ကျောက်ဖားမြို့ကွက်သစ်ရပ်၊ မြေကွက်အမှတ် (၅၁) အား ကျွန်ုပ်မိတ်ဆွေ ဗက ကိုကိုကြီး (၉/ပမန(နိုင်)၀၅၇၅၈၇) အမည်ဖြင့် ရရှိခဲ့သော မြေကွက်ဧရိယာ (အလျားပေ ၄၀x အနံပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချခြင်း၊ လွှဲပြောင်းရန် ကတိထားခြင်းများ တစ်စုံတစ်ရာမရှိခဲ့ပါသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုကြီး၏ ခွင့်ပြုချက်မရရှိဘဲ မည်သူကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း၊ စီမံခန့်ခွဲခြင်း စသည့်ပိုင်ရေးဆိုင်ခွင့်တို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကိုကိုကြီး** | **ဒေါ်ကုမုဒြာ** |
| **၉/ပမန(နိုင်)၀၅၇၅၈၇** | **LL.B,D.B.L,D.I.L.IDCS** |
| **ဖုန်း-၀၉-၅၁၁၇၇၃၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)** |
| | **ဖုန်း-၀၉-၄၂၀၀၉၉၆၅၆** |

## အများသိစေရန် ကြေညာခြင်း

အမှတ်(၇၀-က-၇)၊ ပြည်လမ်း၊ ထောက်ကြန့်တောင်ပိုင်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ Royal shop အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်၏ကိုယ်စား အထွေထွေမန်နေဂျာဖြစ်သူ ဦးအောင်ကျော်မင်းမှ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်သည်မှာ-

Royal shop အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်သည် အမှတ် (၄/၃၀၃)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်တွင် နေထိုင်သူဦးကျော်သူရ(ဘ)ဦးလှဝင်းသိန်း[၁၂/ဥကမ(နိုင်)၂၁၈၂၈၀] ကိုင်ဆောင်သူအား ဆိုင်၏မန်နေဂျာအဖြစ် ခန့်အပ်ခဲ့ပြီး ထိုသို့ Royal shop အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်တွင် အလုပ်လုပ်ကိုင်စဉ်တစ်လျှောက်၌ Royal shop အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ ပေးအပ်ထားသောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အသုံးချကာ Royal shop အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ ပိုင်ဆိုင်သည့်ငွေများအား အလွဲသုံးစားပြုလုပ်ထားကြောင်း စစ်ဆေးသိရှိခဲ့ရပါသည်။ ထို့ကြောင့် Royal shop အရောင်းပစ္စည်းဆိုင်မှ ဦးကျော်သူရအား ထောက်ကြန့်နယ်မြေ ရဲစခန်းတွင် ရာဇဝတ်ကြောင်းအရ အရေးယူတိုင်တန်းထားပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့် ယခုအများသိစေရန် ကြေညာလိုသည်မှာ ဦးကျော်သူရမှ ကုမ္ပဏီ၏ခွင့်ပြုချက် တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ Royal shop အရောင်းဆိုင်၏ အမည်ကို အလွဲသုံးစားပြုလုပ်ကာ Royal shop အိမ်ဆောက်ပစ္စည်းဆိုင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ၎င်း၏ဆန္ဒအရ အခြားသောကုမ္ပဏီများ အိမ်ဆောက်ပစ္စည်းဆိုင်များနှင့် အခြားသောလုပ်ငန်းရှင်များအား လိုက်လံလိမ်လည်အလွဲသုံးစားပြုလုပ်ထားခြင်းများရှိနေပါက Royal shop အရောင်းဆိုင်အနေဖြင့် တစ်စုံတစ်ရာလုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် Royal shop အိမ်ဆောက်ပစ္စည်းဆိုင်နှင့်လည်း သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သီတာအောင်(LL.B)** | **ဦးချစ်သဲမောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၆၈၄)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၅၉၉)** |
| **လိုင်စင်ရသည့်နေ့ - ၁၆-၁၁-၂၀၀၇** | **ဖုန်း-၀၉-၇၇၉၅၂၆၈၆၈** |

**အမှတ်-၇၉(C)၊ သီရိမင်္ဂလာလမ်းသွယ်(၈)ဂျပန်လမ်း၊**
**ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၄၈၀၂၂၇၃၇**

## မိဘအမည်မှန်

